# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၅၁)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ ၁၂-၈-၂၀၂၄၊ တနင်္လာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

သာယာသောစကားကို ပြောဆိုတတ်သော်လည်း ရုပ်အဆင်းပင်လှသော်လည်း သူတစ်ပါးစည်းစိမ်ကို ငြူစူတတ်၊ ဝန်တိုတတ်၊ ကောက်ကျစ်စဉ်းလဲတတ်လျှင် ထိုသူသည် သူတော်ကောင်းမဟုတ် ။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ရန်ကုန်တိုင်းဒေသကြီး သန်လျင်-ကျောက်တန်းရှိ သီလဝါဆိပ်ကမ်းတံတားများနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းများကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်-ကျောက်တန်း သီလဝါဆိပ်ကမ်း ဧရိယာရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ကြီးကြပ်စီမံခန့်ခွဲလျက်ရှိသည့် သီလဝါဆိပ်ကမ်းတံတားများနှင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ ရန်ကုန်မြို့ရှိ ဝန်ကြီးဌာန လက်အောက်မှ ဦးစီးဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



**မှာကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သီလဝါဆိပ်ကမ်းဧရိယာရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း-သီလဝါ (Myanmar International Terminal Thilawa-MITT) သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းလွင်က သီလဝါဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ MITT ဆိပ်ကမ်းနှင့် အခြားဆိပ်ကမ်းတံတားကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရေကြောင်းကုန်သွယ်မှုသည် နိုင်ငံ့လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောရိုးမဏ္ဍိုင်ဖြစ်၍ ရေကြောင်းကုန်သွယ်မှုများ လွယ်ကူအဆင်ပြေချောမွေ့စေရန် အစိုးရဌာနအဖွဲ့အစည်းများက လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပံ့ပိုးပေးနေသကဲ့သို့ ဆိပ်ကမ်းအာဏာပိုင်နှင့်အတူ လက်တွဲဝန်ဆောင်မှုပေးနေကြသည့် ပုဂ္ဂလိကဆိပ်ကမ်းတံတားများ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးပါသဖြင့် နိုင်ငံတကာနှင့် ဒေသတွင်းဖြစ်ပေါ်ပြောင်းလဲမှုများကို မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာသုံးသပ်ပြီး အစိုးရ-ပုဂ္ဂလိက အကျိုးမျှတစွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်ကြရန် မှာကြား၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးသည်။ **စာမျက်နှာ ၃ သို့** ■

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၁ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၁၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် **"၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ"**ကို ဩဂုတ် ၁၃ ရက်မှ ၁၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို(အခမဲ့)လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၂ ရက်၊ တနင်္လာနေ့။

# ပညာခေတ်မှာ ပညာရှာဖွေရမည်

လူငယ်များအနေဖြင့် ငယ်ရွယ်စဉ်အခါ ဉာဏ်ပညာပန်းလန်းဆန်းစွာ ပွင့်နေချိန်၌ အပျင်းမဖက် ကြိုးစားအားထုတ်သင်ယူလေ့လာကြရမည်ဖြစ်သည်။ မိဘများကလည်း မိမိတို့ရင်သွေးငယ်များကို ငယ်ရွယ်စဉ်အခါမှစ၍ ရန်သူမျိုးငါးပါးတို့ မခိုးယူနိုင်သော ပညာရွှေအိုးအမွေကို ပေးကြပါသည်။ ထို့ပြင် စာပေပညာသည် အနာဂတ်ဘဝခရီးအတွက် မီးရှူးတန်ဆောင်သဖွယ်လည်းဖြစ်သည်။ ''ပညာတန်ဆောင်ဉာဏ်အရောင်ကား၊ မိုက်မှောင်အတွင်း ထွန်းတောက်လင်း'' ဆိုသည့်အတိုင်း ပညာဉာဏ်ရောင်ထွန်းပပါက အမိုက်ခရီးလမ်းသို့ ရောက်မည်မဟုတ်ပါ။ မီးရောင်၊ လရောင်၊ နေရောင်တို့တွင် စာပေပညာဉာဏ်ရောင်က ပိုမိုတောက်ပကြောင်း ဗုဒ္ဓက ဟောကြားဆုံးမတော်မူခဲ့သည်။ လောက၌ ပွဲအလယ်တင့်စေရန်မှာ ပညာဉာဏ်ရောင်ထွန်းပြောင်ရန် လိုအပ်မည်ဖြစ်ကြောင်း လမ်းညွှန်ခဲ့ခြင်းဖြစ်သည်။

ကျောင်းသားတို့တွင် ကြီးပွားတိုးတက်ရေး၏ အသက်သွေးကြောဖြစ်သော စာပေကို ခိုင်ခိုင်မာမာလက်ကိုင်ပြုရမည်ဖြစ်သည်။ လူ့ဘဝခရီးတွင် ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သတ္တိတည်းဟူသော အဖော်မိတ်ဆွေများသည် ဘဝအခက်အခဲတိုင်းကို အောင်မြင်စေနိုင်သကဲ့သို့ စာပေတည်းဟူသော မိတ်ဆွေသည်လည်း ကျောင်းသားတို့အား ဗလငါးတန်နှင့် ပြည့်စုံသောသူများ ဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသားလူငယ်များ မိမိရည်မှန်းထားသည့် ပန်းတိုင်ကို အရောက်လှမ်းနိုင်ရန် စာပေပညာကို ဆည်းပူးကာ ကြိုးပမ်းမှသာလျှင် ပညာထူးချွန်မြင့်မြတ်၍ လူ့လောကတွင် တင့်တယ်စွာနေထိုင်နိုင်မည်ဖြစ်သည်။

ပညာရှိသောသူ၊ ပညာတတ်သောသူမှသာလျှင် အကောင်း၊ အဆိုး၊ အမှားအမှန်ကို စိစစ်ဝေဖန်ပိုင်းခြားနိုင်စွမ်းသော ဉာဏ်ပညာရှိမည်ဖြစ်သည်။ အခြေခံဖြစ်သော စာပေကို လေ့လာသင်ယူရမည်။ အခြေခံဖြစ်သော ပညာကို ပထမအရွယ်မှာ ရှာဖွေရမည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ပထမအရွယ်မှာ ပညာမရှာဖြစ်ခဲ့လျှင် ဒုတိယအရွယ်တွင် ပညာကို လိုလိုလားလားသင်ယူက ဖြစ်နိုင်ကြောင်း ''ပညာလိုအိုသည်မရှိ''ဟူသော စကားဖြင့် ရှေးအစဉ်အဆက်တိုက်တွန်းအားပေးထားသည်။

ခေတ်အဆက်ဆက် ပညာရှိစာဆိုကြီးတို့က အမြော်အမြင်ကြီးကြီးဖြင့် ပညာ၏ အရေးပါပုံကို ထုတ်ဖော်ကာ ပညာရှာဖွေကြရန် တိုက်တွန်းဆုံးမခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။ မိမိ၏ပင်ကိုဉာဏ် သင်ယူလိုသော ပညာဉာဏ်တို့အပြင် မိမိ၏ အတွေ့အကြုံ ဗဟုသုတတို့ကိုပါ ပေါင်းစပ်လိုက်ပါလျှင် ပြည့်ဝသောပညာဉာဏ်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ထို့ပြင် ရိုးသားခြင်းနှင့် ကြိုးစားခြင်းသည် လူသားတို့၏ မြတ်နိုးအပ်သော ဂုဏ်ရည်ဖြစ်သည်။ တိုးတက်ထွန်းကားနေသော ပညာခေတ်တွင် ပညာဟူသော အဓိပ္ပာယ်မှာ ကျယ်ဝန်းလှသည်။ ပညာခေတ်မှာ လူငယ်တို့ တတ်သိပညာရပ်များကို ရှာဖွေလေ့လာရမည်ဖြစ်သည်။

သို့ဖြစ်ရာ လောကတွင် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့သည် မည်မျှပင် တန်ဖိုးကြီးသော်လည်း ပညာလောက်မမြင့်မြတ်ပါ။ မည်သူမဆို ငယ်ရွယ်စဉ်အခါ၌ ပညာကို ကြိုးကြိုးစားစားသင်ယူမှသာလျှင် အသိဉာဏ်နှင့် စာပေပညာများ မြင့်မားလာမည်ဖြစ်ရာ ပညာခေတ်မှာ ပညာရှာဖွေရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ကျောက်ဆည်ခရိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



**ကျောက်ဆည် ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျောက်ဆည်မြို့ မြို့တော်ခန်းမတွင် ကျင်းပပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ရဲဝင်းထွန်း၊ ခရိုင်ဥပဒေအရာရှိ ဦးအောင်စိုးလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်ဦး၊ ခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အမှတ်ပေးဒိုင်ချုပ်ဥက္ကဋ္ဌ ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

**(အပေါ်ယာပုံ)**

အခမ်းအနားတွင် ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်က အမှာစကားပြောကြားခဲ့ပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပပြုလုပ်ရာ ဝါသနာရှင်ဒုတိယအဆင့် အမျိုးသား၊ အမျိုးသမီး ခေတ်ဟောင်းကာလပေါ်အဆိုပြိုင်ပွဲ၊ အခြေခံပညာအဆင့်(၁၀-၁၅)နှစ် အမျိုးသား၊ အမျိုးသမီး အဆို၊ အတီးပြိုင်ပွဲ၊ (၁၅-၂၀)နှစ် တစ်ပင်တိုင် အက၊ ကျေးလက်ယိမ်းအက၊ စန္ဒယား၊ ပတ္တလား၊ ဂီတာ၊ ဒုံမင်း၊ ဆိုင်းအတီးပြိုင်ပွဲများ ဆက်လက်ကျင်းပခဲ့သည်။

ထို့နောက် ပြိုင်ပွဲများအလိုက် ဆုရရှိသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ရဲဝင်းထွန်း၊ အဖွဲ့ဝင်(၂)ဦးအောင်သူ၊ အဖွဲ့ဝင်(၃)ဦးစိုးပိုင်၊ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရွှေဦးနှင့် ခရိုင်ပညာရေးမှူး ဒေါက်တာဥမ္မာကြည်၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဆုများအသီးသီးချီးမြှင့်ခဲ့ပြီး အမှတ်ပေးဒိုင်အဖွဲ့များ၊ ဆုစိစစ်ချီးမြှင့်ရေးအဖွဲ့ဝင်များနှင့် အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၄၈၅)



## မိတ္ထီလာမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြော၊ လက်ကမ်းစာစောင်များဖြန့်ဝေ

**မိတ္ထီလာ ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်က ကန်သာကျေးရွာအုပ်စု ကျွန်းဖိုပင်ကျေးရွာတွင် ကျင်းပခဲ့သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးရှင်းလင်းပွဲတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဌေးဝင်းက သန်းခေါင်စာရင်းဆိုင်ရာ ရည်ရွယ်ချက်၊ သမိုင်းကြောင်း၊ ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့်အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများ စသည့် အကြောင်းအရာများကို အသိပညာပေးရှင်းလင်းခဲ့ရာ တက်ရောက်လာသူများက သန်းခေါင်စာရင်းဆိုင်ရာများနှင့် ပတ်သက်၍ မေးမြန်းလာမှုများအား မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့သည်။

၎င်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးရှင်းလင်းပွဲကို မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေး၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဌေးဝင်းနှင့် တာဝန်ရှိသူများ၊ ကန်သာကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျွန်းဖိုပင်ကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

(၄၆၉)

## တံတားဦးမြို့နယ်တွင် အခမ်းအနားမှူးသင်တန်းဖွင့်ပွဲ ကျင်းပ

**တံတားဦး ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် အခြေခံပညာဦးစီးဌာနမှ ဖွင့်လှစ်သော အခမ်းအနားမှူးသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက တံတားဦးမြို့ မြို့မအခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးမြို့နယ် အခြေခံပညာဦးစီးဌာန မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်မြို့နယ်ပညာရေးမှူး ဒေါ်ဝါဝါဝင်းက အမှာစကားပြောကြားရာတွင် အခမ်းအနားများတွင် ဆောင်ရွက်ရမည့် လုပ်ထုံး၊ လုပ်နည်းနှင့်အညီ ဆောင်ရွက်တတ်စေရေး၊ အခမ်းအနားများ ပြုလုပ်ရာတွင် အရည်အချင်းပြည့်ဝသော အခမ်းအနားမှူးများ ပေါ်ထွန်းလာစေရေး၊ အခမ်းအနားများတွင် လေ့ကျင့်ပြုစုပျိုးထောင်ပေးထားသော သင်တန်းဆင်း အခမ်းအနားမှူးများမှတစ်ဆင့် ကျွမ်းကျင်သော ဆရာ၊ ဆရာမများက အတုယူတတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့မအခြေခံအလယ်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်သွယ်သွယ်ဝင်းက သင်တန်း၏ စည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားမှူးသင်တန်းကို နည်းပြဆရာမများက စာတွေ့လက်တွေ့သင်ကြားပေးသည်။

အဆိုပါ သင်တန်းသို့ တံတားဦးမြို့နယ် အခြေခံပညာဦးစီးဌာနမှ ဆရာမ(၁၀)ဦး တက်ရောက်ကြပြီး သင်တန်းကို ဩဂုတ်လ ၁၁ ရက်မှ စက်တင်ဘာလ ၈ ရက်နေ့အထိ တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီမှ နံနက် ၁၁ နာရီအထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# ဆင္ဃသင်္ဂါယနာမူ ပိဋကတ်သုံးပုံ ပါဠိတော်ကျမ်းများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဩဂုတ် ၁၁

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးအောင်ကို၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ခင်မောင်စိုးတို့နှင့်အတူ ယနေ့ နံနက်ပိုင်းက လာအိုနိုင်ငံ ဗီယန်ကျင်းမြို့ Thatluang သံဃ နာယကတိပိဋက ကျောင်းတိုက်၌ ကျင်းပသော နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင်က ဆက်ကပ်လှူဒါန်းသည့် ဆဋ္ဌ သင်္ဂါယနာမူ ပိဋကတ်သုံးပုံ ပါဠိတော်ကျမ်းများ လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက် သည်။

ဦးစွာလာအိုနိုင်ငံသံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး Most Ven Maha Bounma Simmaphomနှင့် ကြွရောက်လာ ကြသည့် သံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက ဆုတောင်း မေတ္တာပို့သကြပြီး ပြည်ထောင်စု ဝန်ကြီးက လှူဒါန်းရသော ရည်ရွယ်ချက်နှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံသည် ဗုဒ္ဓဘာသာ နိုင်ငံများဖြစ်သည့် အပြင် ရိုးရာယဉ်ကျေးမှု သမိုင်း ကြောင်း နောက်ခံများလည်း တူညီသည့်အတွက် လာအိုနိုင်ငံ ဘုန်းတော်ကြီးကျောင်းများနှင့် သာသနာ့ တက္ကသိုလ်များတွင် အသုံးပြုရန်အတွက် ရည်ရွယ် လှူဒါန်းရခြင်း ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းရခြင်းသည် ထေရဝါဒဗုဒ္ဓသာသနာ အစွန့်ရှည် တည်တံ့ခိုင်မြဲ စေရန်အတွက် လည်းကောင်း၊ နှစ်နိုင်ငံကဏ္ဍာ ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တည်တံ့ခိုင်မြဲ စေရန်ဖြစ်ပါကြောင်း တင်ပြ လျှောက်ထားသည်။

## ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီး၊ သံအမတ်ကြီး၊ လာအို နိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး (ကြည်း၊ရေ၊လေ)နှင့် ကိုယ်စား လှယ်အဖွဲ့ဝင်များသည် ဆဋ္ဌ သင်္ဂါယနာမူ ပိဋကတ်သုံးပုံ ပါဠိတော်ကျမ်းများ၊ လှူဖွယ် သင်္ကန်းများအား ဆက်ကပ် လှူဒါန်းခဲ့ကြပြီး လာအိုနိုင်ငံ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် ကြွရောက် လာကြသည့် ဆရာတော်ကြီး များက မေတ္တာပို့သာဓုအနုမော ဒနာ တရားမြွက်ကြားခဲ့ကြ သည်။ (အပေါ်ပုံ)

## လှည့်လည်ဖူးမြော်

ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့ Thatluang သံဃနာယကတိပိဋက ကျောင်း တိုက်တွင် နိုင်ငံတော် အကြီးအကဲ များ လှူဒါန်းထားသည့် ဗုဒ္ဓ ဆင်းတုတော်များနှင့် သာသနိက အဆောက်အဦများကို လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ အခမ်းအနားသို့ လာအိုအမျိုးသားဖွံ့ဖြိုးရေးတပ်ဦး မှ ဒုတိယဥက္ကဋ္ဌ Mr. Dr.Chanpheng Sudthivong ၊ လာအိုနိုင်ငံ သတင်းအချက် အလက်၊ ယဉ်ကျေးမှုနှင့် ခရီးသွား လုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယ ဝန်ကြီး Mr. Phosy Keomanivong နှင့်ဖိတ်ကြားထားသော ဧည့်သည် တော်များ တက်ရောက်ကြသည်။

ပြည်ထောင်စု ဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လာအိုနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည် ထွက်ခွာကြရာ လာအိုနိုင်ငံ ဆိုင်ရာ မြန်မာသံအမတ်ကြီး၊ စစ်သံမှူးနှင့် မြန်မာသံရုံးမှ တာဝန်ရှိသူများက လာအို အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■ ရှေ့ဖုံးမှ

ဆက်လက်၍ MITT ဆိပ်ကမ်းတံတား၏ ကုန်သေတ္တာနှင့် အထွေထွေကုန်စည်ကိုင်တွယ်နိုင်မှုနှင့် ဆိုက်ကပ်လာသည့် သင်္ဘောများပေါ်မှ ဓာတ်မြေသြဇာများချယူနေမှု၊ Wilmar Myanmar ဆိပ်ကမ်းတံတား၌ စားသုံးဆီနှင့် ကောက်ပဲသီးနှံ ကိုင်တွယ်နိုင်မှုနှင့် သင်္ဘောများပေါ်သို့ ပြောင်းဆန်ပို့ကုန်များ တင်ဆောင်နေမှု၊ Thilawa MPA International Terminal(TMIT) ဆိပ်ကမ်းတံတား၏ ကုန်သေတ္တာနှင့် အထွေထွေကုန်စည်ကိုင်တွယ်နိုင်မှု၊ ပီတောက်ရွှေဝါကုမ္ပဏီ စက်သုံးဆီ ဆိပ်ခံတံတား၏ စက်သုံးဆီချယူဖြန့်ဖြူးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် သန်လျင်မြို့ရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် ကျောင်းအုပ် ချုပ်ရေးအဖွဲ့၊ သင်ကြားရေးဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံကာ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသော ရေ ကြောင်းပညာရပ်များ သင်ကြားပို့ချ၊ လေ့ကျင့်ပေးနိုင်ရေး၊ တက္ကသိုလ်သို့ လာရောက်ပညာသင်ကြားနေကြသည့် ကျောင်း သား၊ ကျောင်းသူများ နေထိုင်မှု၊ သင်ကြားမှု၊ လေ့ကျင့်မှုတို့တွင် အဆင်ပြေချောမွေ့စေရေး၊ အမျိုးသားရေးစိတ်ဓာတ်ပြည့် ဝသည့် အနာဂတ်မျိုးဆက်သစ်များအဖြစ် ပျိုးထောင်ပေးနိုင်ရေးကို မှာကြားပြီး တက္ကသိုလ်၏ ခေတ်မီစာကြည့်တိုက်၌ စီစဉ်ပေးထားသော e-Library စနစ်၊ စာအုပ်စာတမ်းများ ထိန်းသိမ်းကိုင်တွယ်မှုစနစ်များနှင့် ရေကြောင်းဆိုင်ရာလေ့ကျင့် ရေး Simulator ခန်း၏ လက်တွေ့လေ့ကျင့်သင်ကြားမှုစနစ်တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

## တွေ့ဆုံ

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်ရှိ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရုံးတွင် ရန်ကုန်မြို့၌ အခြေစိုက်သော ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ အကြီးအမှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ဝန်ထမ်းများအားလုံး နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံပြီး ဝန်ထမ်းကျင့်ဝတ်နှင့်အညီ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်နိုင်ကြရေး၊ ရုံးခန်းများ၊ ရုံးအဆောက် အအုံနှင့် ရုံးပတ်ဝန်းကျင်တို့ကို သန့်ရှင်းသပ်ရပ် စနစ်တကျရှိစေရေး၊ မျိုးဆက်သစ်ဝန်ထမ်းငယ်များကိုလည်း ဌာန၏ ဘာသာရပ်ဆိုင်ရာ စာတမ်း၊ စာပေများကို ဖတ်ရှုလေ့လာ ဆည်းပူးမှတ်သား၍ အရည်အချင်းပိုမိုပြည့်ဝသူများ ဖြစ်လာ အောင် လေ့ကျင့်ပျိုးထောင်ပေးကြရေး၊ ဌာန၏လုပ်ငန်းတာဝန်များကို အဖွဲ့စနစ်(Team Work)ဖြင့် ဖြေရှင်းဆောင် ရွက်တတ်စေရေးတို့ကို မှာကြားသည်။

ထို့မှတစ်ဆင့် ဗိုလ်တထောင်မြို့နယ်ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးသို့ ရောက်ရှိရာ တာဝန်ရှိသူ များက Integreted Vessel Monitoring and Tracking System ဆိုင်ရာ တင်ပြမှုအပေါ် အခြားဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အကျိုးရှိစွာ အသုံးချရေး မှာကြားပြီး ဝန်ထမ်းများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။

ဆက်လက်၍ ပုဇွန်တောင်မြို့နယ်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ ရောက် ရှိပြီး ရုံးအဆောက်အအုံနှင့် ရုံးခန်းများ၊ ပုဇွန်တောင်ချောင်းကမ်းပါးတွင် ဌာနပိုင် ရေကြောင်းပြရေယာဉ်များနှင့် သောင်တူးသင်္ဘောများ လွှန်းတင်ပြင်ဆင်နိုင်ရေး တိုးချဲ့တည်ဆောက်နေသည့် ဘိုးပိုင်အခြေပြု သံကူကွန်ကရစ် လွှန်း ကျင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၅၉၄၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၁၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်း များကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ် များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ် ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက် ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ် ၁၂ ရက်မှ ၁၈ ရက်အထိ ရန်ကုန် အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅၉၄၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင် မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

➤ စာမျက်နှာ ၂၄ မှ

အိုးပုတ်ပွဲ၏ ချစ်စရာဓလေ့တစ်ခုဖြစ်သည်။ အိုးပုတ်ခိုးသူကလေးများက အိုးပုတ် သည်ကိုကြည့်ပြီး ခိုးတတ်ကြသည်လည်း ရှိသေးသည်။ ဈေးဆစ်၍မရသော၊ စွာ သောဈေးသည်ဆိုလျှင် လက်တည့်စမ်းပြီး အိုးပုတ်နှိုက်ယူချင်ကြသလောက် အသက်ကြီးကြီးဈေးသည်များကိုတော့ အိုးပုတ်ခိုးရန် လက်ရှောင်တတ်ကြသည်။

မုန့်ရေပါး၊ မုန့်ဆီကြော်၊ မုန့်လင်မယား၊ မုန့်သိုင်းခြုံ၊ မုန့်ပေါင်းစသော မြန်မာမုန့်မျိုးစုံကို အိုးပုတ်ဈေးတန်းတွင် ဝယ်စားနိုင်သည်။ အိုးပုတ်ပွဲတော်တွင် ကောက်ညှင်းဆန်မှုန့်၊ ငချိတ်ကောက်ညှင်းမှုန့်တို့ဖြင့် စီးပိုင်နေအောင်ပြုလုပ်ထားသော မုန့်ခေါ်ပြင်ကိုလည်း ဝယ်ယူစားသုံးနိုင်သည်။ **(ရွှေမန်း)**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ၏ မျက်နှာစုံညီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် လာအိုနိုင်ငံသို့ထွက်ခွာ



ရန်ကုန် ဩဂုတ် ၁၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ဩဂုတ် ၁၂ ရက်မှ ၁၃ ရက်အထိကျင်းပမည့် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ၏ မျက်နှာစုံညီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လာအိုနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ခရီးစဉ်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်နန္ဒာမွှန်း(အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်၏ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်)နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ လိုက်ပါသွားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးများအတွင်း ရေဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကမ်းပြိုကမ်းစားခြင်းကြောင့် တာတမံများ ရေတိုက်စားခြင်းကို ကာကွယ်ထိန်းသိမ်းဆောင်ရွက်ရေး ဆွေးနွေး



နေပြည်တော် ဩဂုတ် ၁၁

ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးများအတွင်း ရေဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကမ်းပြိုကမ်းစားခြင်းကြောင့် တာတမံများရေတိုက်စားခြင်းကို ကာကွယ်ထိန်းသိမ်းဆောင်ရွက်ရေး ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် ပြုလုပ်သည်။ (ယာပုံ)

### တက်ရောက်ဆွေးနွေး

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဦးဇစ်တာ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ဌာနခွဲအသီးသီးမှ ညွှန်ကြားရေးမှူးများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယခုနှစ် ဇူလိုင်လဆန်းမှစ၍ ဧရာဝတီမြစ်ရေ မြင့်တက်ခြင်း၊ ဒေသတွင်းနေရာအနှံ့ မိုးများစွာရွာသွန်းခဲ့ခြင်းကြောင့် မြို့များ၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိခဲ့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်း၊ ရေဘေးကာကွယ်ရေးတာများတွင် ရေကင်းများ ချထားမှုနှင့် အရေးပေါ်ထိန်းသိမ်းပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ခြင်း၊ တာတမံများ ကျိုးပေါက်မှုမဖြစ်ပေါ်စေရန် ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် လာမည့်မိုးလယ်၊ မိုးနှောင်းနှင့် မိုးလွန်ကာလများတွင် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးက ဟင်္သာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စု ဖောင်ဆိပ်ရွာအနီး ဖြစ်ပေါ်နေသည့် ကမ်းပြိုကမ်းစားမှုဖြစ်စဉ်များ၊ ရေဘေးကာကွယ်ရေးအတွက် ဖြတ်တာများ နှစ်အလိုက်ပြောင်းလဲ ဆောင်ရွက်ခဲ့ရမှုများ၊ ကမ်းပြိုကမ်းစားမှု လျော့နည်းသက်သာစေရေး ဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ ယခုနှစ် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများအပေါ် အရေးပေါ်ဆောင်ရွက်ခဲ့ရသော လုပ်ငန်းများနှင့် ပြန်လည်ပြင်ဆင်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဦးဇစ်တာက ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသတွင် ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ခဲ့မှုများနှင့် မှတ်တမ်းများ၊ လက်ရှိဆောင်ရွက်မှု အခြေအနေများ၊ ရေဘေးကာကွယ်ရေးတာများ မြင့်တင်ခြင်း၏ အကျိုးဆက်များ၊ ရေဘေးကာကွယ်ရေးတာများ ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းများကိုအကြံပြုရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဧရာဝတီမြစ်ကြောင်း ပြောင်းလဲစီးဆင်းမှုကြောင့် မြစ်ကမ်းပါးရေတိုက်စားမှုအား လျော့ချနိုင်ရေးအတွက် ဆက်စပ်သည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်မှုအနည်းဆုံးဖြစ်ရေရှည်အကျိုးရှိစေနိုင်ရေး ဆောင်ရွက်သင့်သည့် နည်းလမ်းနှင့် လုပ်ငန်းများ၊ ပွင့်လင်းရာသီတွင် တာတမံများ တောင့်တင်းခိုင်မာအောင် ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

### အထူးအလေးထားဆောင်ရွက်

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် မြစ်ကမ်းပါးရေတိုက်စားမှုကြောင့် ရေဘေးကာကွယ်ရေး တာတမံများ ပျက်စီးကျိုးပေါက်၍ မြို့ရွာများနှင့် စိုက်ပျိုးမြေများ ရေကြီးရေလျှံမှု အန္တရာယ်မဖြစ်စေရန် နှစ်စဉ်မိုးရာသီမတိုင်မီ လိုအပ်သော ဖြတ်တာများ၊ ပန်းတာများကို အချိန်မီ တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး တာတမံများ ကြံ့ခိုင်မှုရှိစေမည့် လုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်လျက်ရှိသကဲ့သို့ ဧရာဝတီမြစ်ကမ်းပါးရေတိုက်စားမှု ကာကွယ်ခြင်းလုပ်ငန်းများကိုလည်း ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးဒေါ်နုမြဇံ မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်ဒေသ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) ဒုတိယဝန်ကြီးဒေါ်နုမြဇံသည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ ရောက်ရှိပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲမှ တာဝန်ယူဆောင်ရွက်နေသော ယဉ်ကျေးမှုအမွေအနှစ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### လှည့်လည်ကြည့်ရှု

ဦးစွာ ဒုတိယဝန်ကြီးသည် အင်းဝရှေးဟောင်းဒေသအတွင်း အင်းဝရှေးဟောင်းသုတေသနပြတိုက်၊ ဆင်ကျုံးခံတပ်၊ လောကသရဖူဘုရား၊ ဗားကရာကျောင်း၊ ညောင်ရမ်းဘုရားစု (ကြောင်လိန်ဘုရား၊ လောကဒုသမာန်အောင်ဘုရား၊ မြင်းမိုရ်တောင်ဘုရား၊ ဝက်ပါ ဘုရား၊ ငကြွဲနားငွေခင်းဘုရား)တို့ကို လှည့်လည်ကြည့်ရှုပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ နည်းလမ်းအမျိုးမျိုးဖြင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ထားရှိရန်၊ စဉ်ဆက်မပြတ်စစ်ဆေးရန်နှင့် ဘုရားအပေါ်နှင့် ဘုရားပရဝဏ်အတွင်းအပြင် သန့်ရှင်းသပ်ရပ်မှု ရှိစေရေး ပေါင်းပင်မြက်ပင်များ ရှင်းလင်းရေးတို့ကို မှာကြားသည်။

ထို့နောက် အောင်မြေဘုံစံအုတ်ကျောင်း (မယ်နုအုတ်ကျောင်း) ပြုပြင်ထိန်းသိမ်းနေသည့် အခြေအနေကို သွားရောက်စစ်ဆေးရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မယ်နုအုတ်ကျောင်း ဆေးသုတ်သည့် လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ဆေးရောင်တစ်ပြေးညီသုတ်မည့်အစား မှိုကပ်နေရာများတွင် အဖြူသုတ်ရန်နှင့် ဆေးမသုတ်မီ ချေးချွတ်မှုများ ယခုထက် ပိုမိုတိကျစွာဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် မန္တလေးနန်းမြို့အတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်သို့ ရောက်ရှိပြီး နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များ ဆောင်ရွက်ထားရှိသည့် အခြေအနေများနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် မန္တလေးနန်းမြို့ရိုးပြာသာဒ်များ ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ဒုတိယကမ္ဘာစစ်ကာလတွင် ဗုံးဒဏ်ကြောင့်ပျက်စီးခဲ့သည့် ပြန်လည်တည်ဆောက်ခဲ့ခြင်းမရှိသော အနောက်ဘက် နန်းမြို့ရိုးအလယ်ပေါက်၏ စည်ရှည်တံတားနေရာကိုကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက စည်ရှည်တံတားကို ပြန်လည်တည်ဆောက်မည်ဆိုပါက မူလတံတားပုံစံအတိုင်း၊ အရွယ်အစားအတိုင်း ရှေးမူမပျက် ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ခိုင်မာသည့် အထောက်အထားများ၊ ဓာတ်ပုံမှတ်တမ်းများ ပြည့်စုံစွာပြုစုစီမံပြီး ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပထမအကြိမ် ဦးပွားဘုရားဂေါပကအဖွဲ့၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း





**မန္တလေး ဩဂုတ် ၁၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ရွှေဟောင်းဦးပွားဆုတောင်းပြည့်ဘုရား၏ မြို့နယ်လုံးဆိုင်ရာ ပထမအကြိမ် ဦးပွားဘုရားဂေါပကအဖွဲ့ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်က ၄င်းဘုရားအတွင်းရှိ သာသနဝိပုလသိမ်တော်ကြီး၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ အခမ်းအနားအား ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ အလှူရှင်ဂေါပကအဖွဲ့နှင့် ပရိသတ်အပေါင်းတို့က နမောတဿ(၃)ကြိမ် ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီးနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘုရားကြီးတိုက်နယားကျောင်းဆရာတော်ဘဒ္ဒန္တနန္ဒိယက အလှူရှင်နှင့် ပရိသတ်တို့အား ငါးပါးသီလချီးမြှင့်ပေးတော်မူပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များက မေတ္တသုတ်တရားတော်များကို ချီးမြှင့်ပေးတော်မူသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးရာဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်း၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်နှင့် ဇနီး ဒေါ်လှလှမြင့် မိသားစု၊ ဦးပွားဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော်သံဃာတော်အရှင်မြတ်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှတမ်းပေးဝေသည်။ ဆက်လက်ပြီး နေ့ဆွမ်းအလှူရှင် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်နှင့် ဇနီး ဒေါ်လှလှမြင့် မိသားစုတို့က ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(၀၄၆)

၀-၀-၀-၀-၀

# မဟာအောင်မြေခရိုင်၊ အောင်မြေသာစံခရိုင်၊ အမရပူရခရိုင်(ခရိုင်အဆင့်) (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ အောင်မြေသာစံခရိုင်၊ အမရပူရခရိုင်တို့ ပူးပေါင်း၍ ကျင်းပပြုလုပ်သော(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ခရိုင်အဆင့်)ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနုပညာအထက်တန်းကျောင်း၊ လေ့ကျင့်ရေးကဇာတ်ရုံတွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဦးအောင်ဆန်းဦး၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ မဟာအောင်မြေခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဝင်းရွှေ၊ အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ပြိုင်ပွဲကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးတင်မောင်ဝင်းနှင့် ကော်မတီဝင်များ၊ မန္တလေးတိုင်းဒေသကြီး သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးပစ်တိုင်းထောင်၊ မန္တလေးတိုင်းဒေသကြီးဂီတအစည်းအရုံး အတွင်းရေးမှူး ဦးသော်ဇင်နှင့် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အနုပညာရှင်များ၊ ဝါသနာရှင်များ၊ သဘင်၊ ဂီတဝါသနာရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြိုင်ပွဲကျင်းပရေးကော်မတီနာယက အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်က အကဲဖြတ်ဒိုင်အဖွဲ့များအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ ထို့နောက် ပြိုင်ပွဲကဏ္ဍအသီးသီး၌ ဆုရရှိကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ခရိုင်အဆင့်ပြိုင်ပွဲတွင် ဆုရရှိသူများကို တိုင်းဒေသကြီးအဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆက်လက်ပါဝင်ယှဉ်ပြိုင်ရန် လေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။ (၀၉၃)




# ရန့်ကြိုင်ဝေ မန္တလာမြေမှ ကဗျာများစာအုပ် မိတ်ဆက်ပွဲ ကျင်းပ စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်း

**မန္တလေး ဩဂုတ် ၁၁**

ကဗျာဆရာ မောင်မောင်လင်းထွဋ်၏ ရန့်ကြိုင်ဝေ မန္တလာမြေမှ ကဗျာများ စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ် နန်းတော်ရှေ့ စာပေတင်းကုတ်တွင် ကျင်းပသည်။

ရှေးဦးစွာ ဆရာအောင်တင်ဝင်း (ငြိုသရောက်)နှင့် ဆရာစိုးဝင်း(ဆ-သ-ရ )တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကဗျာဆရာ မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)က ကဗျာစာအုပ် ထုတ်ဝေရခြင်းရည်ရွယ်ချက်နှင့် စာအုပ် ထုတ်ဝေဖြစ်ပုံတို့ကို ပြောကြားပြီး စာအုပ်နှင့်ပတ်သက်၍ ထုတ်ဝေရာတွင် ကူညီသူ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်စကားပြောကြားသည်။




ဆက်လက်၍ စာရေးသူ မောင်မောင်လင်းထွဋ် (နန်းတော်ရှေ့) က မြို့စာကြည့်တိုက်၊ မြမန္တလာစာကြည့်တိုက်၊ ဗြဟ္မစိုရ်စာကြည့်တိုက်၊ မီးရထားစာကြည့်တိုက်နှင့် လင်းရောင်ခြည်စာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်းရာ စာကြည့်တိုက်များကိုယ်စား စာရေးဆရာ အိုးဝေ (မြေနီကျင်း)က လက်ခံရယူပြီး သက်ဆိုင်ရာစာကြည့်တိုက်များသို့ ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဟု သိရသည်။ ထို့နောက် တက်ရောက်လာသူများအား စာရေးသူက စာအုပ်များကို လက်မှတ်ရေးထိုး၍ လက်ဆောင်ပေးသည်။

ထို့နောက် တက်ရောက်လာသော စာရေးဆရာ ကဗျာဆရာများက ကဗျာများရွတ်ဆိုဂုဏ်ပြုပြီး စာအုပ်နှင့် ပတ်သက်၍ မုဒိတာစကားများပြောကြားသည်။ ဆက်လက်၍ စာရေးဆရာမင်းလပြည့် (ဟားခါး) ကလည်း သူရေးသားသည့် ရွှေရောင်နာရီတစ်လုံးနှင့် အခြားဝတ္ထုတိုများ စာအုပ်ကို တက်ရောက်လာသူများအား တစ်ဦးချင်း လက်ဆောင်ပေးအပ်ကြသည်။ (၀၅၀)

# ချမ်းမြသာစည်မြို့နယ် အမှတ်(၃၀)အ.ထ.က၌ အခမ်းအနားမှူးသင်တန်းဖွင့်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၁**

အခမ်းအနားတစ်ခုအား အောင်မြင်စွာ ပြီးမြောက်စေရန်နှင့် အခမ်းအနားမှူးတာဝန်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ် အမှတ်(၃၀)အ.ထ.က ရှိ အောင်ဆန်းခန်းမတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အခမ်းအနားမှူးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။



အခမ်းအနားတွင် ချမ်းမြသာစည်မြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဦးရဲခဲက အဖွင့်အမှာစကားပြောကြားပြီးနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းအား စတင်ပို့ချခဲ့သည်။

အဆိုပါ သင်တန်းကို ဩဂုတ် ၁၁ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ စုစုပေါင်း(၃၄)ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (ချမ်းမြေ့)

# နျူကလီးယားစွမ်းအင်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့

နော်ယဉ်ကျေး

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရုရှားနိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်လျက်ရှိသော ရူပူးရ် (Rooppur) နျူကလီးယား ဓာတ်အားပေးစက်ရုံသည် (၅·၁၀·၂၀၂၃)ရက်တွင် ယူရေနီယမ်လောင်စာလက်ခံရရှိခဲ့ပြီးနောက် လျှပ်စစ်ဓာတ်အား (၂ ဒသမ ၄)ဂီဂါဝပ် စတင်ထုတ်လုပ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ Watt ဆိုသည်မှာ အားပမာဏ Power ကိုကိုယ်စားပြုပါသည်။ စွမ်းအင်အနေဖြင့်ဆိုလျှင် အသုံးပြုချိန်နာရီဖြင့် မြှောက်ရပါသည်။ လျှပ်စစ်ကုန်ကျစရိတ်များကို တွက်ချက်ကောက်ခံရာတွင် အဆိုပါ 1kWh ကို 1Unit ဟု (kWh)ဖြင့် တွက်ချက်ကောက်ခံခြင်း ဖြစ်ပါသည်။ ၁၀၀၀ ဝပ်ကို ၁ ကီလိုဝပ်ဖြစ်ပြီး ၁၀၀၀ ကီလိုဝပ်ကို ၁မဂ္ဂါဝပ်ဖြစ်သည်။ ၁၀၀၀ မဂ္ဂါဝပ်ဆိုပါက ၁ ဂီဂါဝပ်ဟု ခေါ်သည်။ ထို့ကြောင့် ရူပူးရ်ဓာတ်အားပေးစက်ရုံသည် ၂၄၀၀ မဂ္ဂါဝပ် တိုးတက်ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုင်ငံတော်ဓာတ်အားလိုအပ်ချက်ကို ကျော်လွန်ပြီး ရာနှုန်းပြည့် မီးလင်းနိုင်ခဲ့ပြီ ဖြစ်သည်။

အဆိုပါကိစ္စနှင့်ဆက်စပ်ပြီး လက်ရှိမြန်မာနိုင်ငံတွင် လျှပ်စစ်မီးမကြာခဏပျက်နေလို့ ပြည်သူတွေ မီးရဖို့တောင်းဆိုနေကြသည်ကို စိတ်ထဲရောက်သွားခဲ့ပြီး ဤဆောင်းပါး ရေးသားတင်ပြရခြင်းဖြစ်ပါသည်။ လျှပ်စစ်မီး မကြာခဏပျက်နေခြင်းသည် လျှပ်စစ်စွမ်းအင်လိုအပ်ချက်(တစ်နည်းဆိုရလျှင် လျှပ်စစ်ဓာတ်အားမလုံလောက်ခြင်း)ဖြစ်ပြီး အဆိုပါအခြေအနေသည် အခြေခံတိုးပွားမှုများအပေါ်တွင် ခန့်မှန်းတွက်ချက်မှုများအရ ၂၀၂၄ ခုနှစ်တွင် ၆၀၀၀ MW ခန့် လိုအပ်မည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် ၁၉၀၀၀ MW ခန့် လိုအပ်လာမည်ဟု ပညာရှင်များက ခန့်မှန်းတွက်ချက်ထားပါသည်။ လက်ရှိမှတ်တမ်းတစ်ခုအရ ၂၀၂၄ ခုနှစ် ဇွန် ၁၇ ရက်တွင် ၃၀၀၀ MW အထိအများဆုံး ရောက်ရှိဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားပေးစက်တပ်ဆင်အင်အား၏ သုံးပုံနှစ်ပုံခန့်သည် ရေအားလျှပ်စစ်မှဖြစ်၍ ကျန်တစ်ပုံခန့်သည် အခြားသော စွမ်းအင်များမှ ထုတ်လုပ်နေရခြင်းဖြစ်ရာ နွေရာသီတွင် ဆည်ရေလုံလုံလောက်လောက် မသိုလှောင်နိုင်ခြင်း၊ စက်များရပ်နားပြုပြင်ရခြင်းတို့ကြောင့် ရေအားလျှပ်စစ်စက်ရုံများမှ ဓာတ်အားအပြည့်အဝမရရှိနိုင်ဘဲ စက်တပ်ဆင်အင်အား (၄)ဂီဂါဝပ်ကျော်ရှိသော်လည်း အခြားသော အခြေအနေ အကြောင်းအမျိုးမျိုးတို့ကြောင့် Peak-Load(၂) ဂီဂါဝပ်ကျော်ကျော်ကိုပင် အတော်လေး ကြိုးစားရုန်းကန်နေရသော အခြေအနေ ဖြစ်နေပါသည်။

လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံးတွင် ပြောင်းလဲလာနေသော စွမ်းအင်ဆိုင်ရာ မူဝါဒများအရ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရုပ်ကြွင်းလောင်စာများအားသုံးစွဲ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို လျှော့ချသွားရမည်ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ရေအား၊ လေအား၊ ဒီရေအား၊ နေစွမ်းအင် စသည့်တို့မှ လျှပ်စစ်စွမ်းအင်ကို ထုတ်ယူနိုင်ရန် အစွမ်းကုန်ကြိုးပမ်းလျက်ရှိသည်ကိုလည်း တွေ့မြင်ကြရမည်ဖြစ်ပါသည်။ သို့သော်လည်း အဆိုပါစွမ်းအင်များအနက် ရေအားစက်ရုံများမှလွဲ၍ ကျန်စက်ရုံများသည် နည်းပညာ အခက်အခဲ၊ မြေနေရာ အခက်အခဲ စသည်တို့အပေါ် မူတည်၍ရရှိသော စွမ်းအင်ပမာဏနည်းပါးသလို Effenciency လည်း နည်းပါးပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ စွမ်းအင်အပြည့်အဝရရှိဖို့အတွက် အိမ်နီးချင်း တရုတ်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံများကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးစက်ရုံများနှင့်အတူ နျူကလီးယား ဓာတ်အားပေးစက်ရုံလို စက်ရုံမျိုးကိုတည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်သင့်နေပါပြီ။ နျူကလီးယားစွမ်းအင် (အဏုမြူစွမ်းအင်)ဆိုသည်မှာ အက်တမ်တစ်ခုအတွင်း သိုလှောင်ထားသောစွမ်းအင်ဖြစ်ပြီး အက်တမ်နျူကလိယကို စုစည်းထားသည့် စွမ်းအားများပင် ဖြစ်ပါသည်။ အဲတက်အိုင်စတိုင်းဟုခေါ်သော နာမည်ကျော် သိပ္ပံပညာရှင်ကြီးသည် Relativity Theory(နှိုင်းရသီအိုရီ)ကို ဖော်ထုတ်တွေ့ရှိရာမှ သင်္ချာပုံသေနည်း $E=mc^2$ ကို ဖော်ထုတ်တွေ့ရှိခဲ့သည်။ အလွန်သေးငယ်သော အရာဝတ္ထုတစ်ခုမှ စွမ်းအင်ပမာဏ မြောက်မြားစွာ ထုတ်ပေးနိုင်ကြောင်းကို သက်သေပြခဲ့ခြင်း ဖြစ်ပါသည်။ Nuclea Fission (နျူကလီးယားပြိုကွဲမှု) ဆိုသည်မှာ အက်တမ်တစ်ခုအား အက်တမ်နှစ်ခု(သို့မဟုတ်)နှစ်ခုထက်ပိုအောင် ခွဲခြားထုတ်ယူခြင်းဖြစ်ပါသည်။ အက်တမ်တစ်ခုကွဲထွက်သည့်အခါတွင် စွမ်းအင်ပမာဏ မြောက်မြားစွာ ထွက်ပေါ်လာပါသည်။ အဆိုပါ စွမ်းအင်ကိုနွေးကွေးစွာ ထိန်းချုပ်သောနည်းဖြင့် ထုတ်လွှတ်သည့်အခါ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် အသုံးပြုလာနိုင်ပါသည်။ စွမ်းအင်အားလုံးကို တစ်ပြိုင်ထဲ ထုတ်လွှတ်သည့်အခါ နျူကလီးယားပေါက်ကွဲခြင်းဖြစ်စဉ် ဖြစ်ပေါ်လာပါသည်။ နျူကလီးယား ဓာတ်အားပေးစက်ရုံများသည် အပူစွမ်းအင်ကို ထုတ်လုပ်ဖို့ နျူကလီးယားပြိုကွဲမှုကို အသုံးပြုခြင်း ဖြစ်ပါသည်။

အဆိုပါအပူဖြင့် ရေကိုရေနွေးငွေ့များအဖြစ် ပြောင်းလဲဖြစ်ပေါ်စေပြီး ရေနွေးငွေ့၏တွန်းကန်အားဖြင့် ဂျင်နရေတာများကို လည်ပတ်စေခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ မှားယွင်းစွာအထင်မှားနေကြသော ကိစ္စတစ်ခုမှာ နျူကလီးယားစက်ရုံများရှိ ခေါင်တိုင်ကြီးများမှာ ထုတ်လွှတ်သော အငွေ့ဖြူဖြူကြီးများကို မီးခိုးဟု ထင်နေကြခြင်း ဖြစ်သည်။ အမှန်မှာ ညစ်ညမ်းမှုကို ဖြစ်စေသော ဓာတ်ငွေ့များ၊ မီးခိုးငွေ့များမဟုတ်ဘဲ ရေနွေးငွေ့များသာလျှင် ဖြစ်ပါသည်။ နျူကလီးယားဓာတ်အားပေးစက်ရုံများတွင် အက်တမ်များခွဲထုတ်ရန်အတွက် အသုံးပြုသော ဒြပ်စင်မှာ ယူရေနီယမ် သတ္တုဒြပ်စင်ဖြစ်သည်။ ယူရေနီယမ်ဒြပ်စင်သည် နျူကလီးယားပြိုကွဲမှုအား အကောင်းဆုံးသော ဒြပ်စင်တစ်မျိုးဖြစ်သည်။ နျူကလီးယားစွမ်းအင်ထုတ်လုပ်ရာတွင် ဆိုးကျိုးအနေဖြင့် ဘေးထွက်ပစ္စည်းဖြစ်သော ရေဒီယိုသတ္တိကြွပစ္စည်းများနှင့် ရောင်ခြည်များ ထွက်ရှိလာခြင်းဖြစ်ပါသည်။ နျူကလီးယားတုံ့ပြန်ဓာတ်ပြုမှုများမှ ကြွင်းကျန်



သောအရာများဖြစ်ပြီး အဆိုပါပစ္စည်းများမှထွက်သော ရေဒီယိုသတ္တိကြွမှုသည် လူနှင့်တိရစ္ဆာန်တို့အား အသက်အန္တရာယ်ကို ဖြစ်စေပါသည်။ သုတေသနပြုတွေ့ရှိချက်များအရ ယူရေနီယမ်အမှုန်အမွှားလေးတစ်ခုသည်ပင် ကျောက်မီးသွေး ကီလိုဂရမ် ၁၀၀၀ ခန့်လောင်ကျွမ်းသောစွမ်းအင်နှင့် ညီမျှသောစွမ်းအင်ကို ထုတ်ပေးနိုင်စွမ်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အက်တမ်များကို ခွဲထုတ်ခြင်းမဟုတ်ဘဲ ပေါင်းစပ်ခြင်းဖြင့်လည်း နျူကလီးယားပေါင်းစပ်မှု (Nuclear Fusion)ကို ဖြစ်ပေါ်စေပါသည်။ ထင်ရှားသော ဥပမာတစ်ခုမှာ "နေ"ဖြစ်ပြီး ဟိုက်ဒရိုဂျင်အက်တမ်များ ပေါင်းစပ်ခြင်းဖြင့် ဟီလီယမ်အက်တမ်များ အဆက်မပြတ် ဖြစ်ပေါ်လာ၍ အလင်းနှင့် အပူစွမ်းအင်များကို အဆက်မပြတ် ထုတ်လွှင့်ပေးနေခြင်း ဖြစ်သည်။ နေသည် အမှန်စင်စစ် နျူကလီးယားဓာတ်ပေါင်းဖိုကြီး တစ်ခုပင် ဖြစ်သည်။

ယခုအခါ ကမ္ဘာ့အနှံ့အပြားတွင် လက်ရှိအသုံးပြုနေသော နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံပေါင်း ၄၄၀ ခန့်ရှိသည်ဟု လေ့လာသိရှိရပြီး ယခင် ရုရှားနိုင်ငံ (ယခုယူကရိန်းနိုင်ငံ)




ရှိ ချာနိုဘိုင်း ဓာတ်အားပေးစက်ရုံ၊ ဂျပန်နိုင်ငံရှိ ဖူကူးရှီးမား ဓာတ်အားပေးစက်ရုံနှင့် ပြင်သစ်နိုင်ငံရှိ ဖလာမန်စီလီ ဓာတ်အားပေးစက်ရုံ စသည့်စက်ရုံ(၃)ရုံတို့၌ ပေါက်ကွဲမှု ဖြစ်စဉ်များဖြစ်ပွားခဲ့၍ နျူကလီးယားဓာတ်အားပေးစက်ရုံများ အသုံးပြုရေးနှင့်စပ်လျဉ်း၍ ပြည်သူတို့အတွက် ထိတ်လန့်တုန်လှုပ်ဖွယ်ရာဖြစ်စဉ်များ ဖြစ်လာခဲ့သည်။ နျူကလီးယား ဓာတ်အားပေးစက်ရုံများ အသုံးပြုမည်ဆိုလျှင် Safety ဟုခေါ်သော အန္တရာယ်ကင်းရှင်းရေးသည် အလွန်အရေးကြီးလှပါသည်။ အဘယ်ကြောင့်ဆိုသော် အက်တမ်များပြိုကွဲသည့်ဖြစ်စဉ်မှ ထွက်လာသော ရေဒီယိုသတ္တုကြွပစ္စည်း အမျိုးအစားမှာ ၁၀၀ခန့်ရှိပြီး အချို့သည် နှစ်ပေါင်းရာနှင့်ချီ၍ အန္တရာယ်ဆက်လက်ရှိနေနိုင်သောကြောင့် ဖြစ်သည်။ ထို့ပြင် အယ်ဖာ၊ ဘီတာနှင့် ဂမ်မာ(ခေါ်)ဓာတ်ရောင်ခြည်များစွာကိုလည်း ထုတ်လွှတ်ရာ ပမာဏများပြားလွန်းလျှင် အသက်အန္တရာယ်ဖြစ်စေခြင်းနှင့် ကင်ဆာရောဂါဖြစ်ပွားစေခြင်းစသည်တို့ကို ဖြစ်ပေါ်စေသည်။ အနီးစပ်ဆုံး ဥပမာတစ်ခုကို ပြရပါလျှင် ဓာတ်မှန်ရိုက်ကူးရာတွင် အသုံးပြုသော (X-ray)ရောင်ခြည်သည် ဂမ်မာရောင်ခြည်တစ်မျိုးပင် ဖြစ်သည်။ ထို့ကြောင့် ဓာတ်မှန်ရိုက်ပါက ဓာတ်ရောင်ခြည်သင့်သည့် အန္တရာယ်ရှိ၍ သတိပေးပြီးမှ အထူးဂရုစိုက်၍ ရိုက်ကြရသည်။ ကလေးငယ်များတွင်ခံနိုင်ရည်မရှိ၍ ကိုယ်ဝန်ဆောင်များနှင့် ကလေးငယ်များ လုံးဝဓာတ်မှန်မရိုက်ကြရပါ။ အဆိုပါကဲ့သို့သော ဓာတ်ရောင်ခြည်မျိုးများ၊ ရေဒီယိုသတ္တိကြွပစ္စည်းများ အမြောက်အမြားလွင့်ပြန့်နေနိုင်သော ဧရိယာမှာလည်း အနည်းဆုံး ၁၀၀ မိုင်ပတ်လည်အတွင်း ဖြစ်နိုင်သည်ဟု သုတေသနပညာရှင်များက လေ့လာတွေ့ရှိထားပါသည်။ ထိုထက်ပို၍ ကြောက်မက်ဖွယ်ရာကောင်းလှသည်မှာ အက်တမ်များပေါင်းစပ်ခြင်းဖြင့် ထွက်ပေါ်လာသော အလင်းနှင့်အပူစွမ်းအင်သည် အလွန်ကြီးမားပြီး အက်တမ်များကွဲထွက်ခြင်းကြောင့် ဖြစ်ပေါ်သော ပေါက်ကွဲမှု ဖြစ်စဉ်များထက်ပင် အဆထောင်နှင့်ချီ၍ ပြင်းအားများပြီး အဖျက်စွမ်းရည်ပိုမိုကြီးမားသဖြင့် နျူကလီးယား အဖျက်လက်နက်များ ပြုလုပ်ဆောင်ရွက်လာနိုင်သော အန္တရာယ်ပင် ဖြစ်သည်။ ထို့ကြောင့် အဖျက်လုပ်ငန်းများအတွက် နျူကလီးယားစွမ်းအင်ကို အသုံးမပြုကြဘဲ ဓာတ်အားပေးစက်ရုံများအတွက် အသုံးပြုခြင်းသည် သန့်ရှင်းသော စွမ်းအင်ထုတ်လုပ်ခြင်းသာဖြစ်၍ နျူကလီးယား ဓာတ်အားပေးစက်ရုံများတည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးကိုများစွာ စဉ်းစားဆောင်ရွက်သင့်လာပြီ ဖြစ်ပါကြောင်းနှင့် ပြည်သူတို့အနေဖြင့်လည်း ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအင်ကို ဖူလုံပြည့်ဝပေါများစွာ အသုံးပြုသွားနိုင်မည်ဖြစ်ပါကြောင်း စာရေးသူ၏ အမြင်ကိုစေတနာမွန်ဖြင့် တိုက်တွန်းရေးသား တင်ပြအပ်ပါသည်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Wind From Luoyang ဇာတ်ကား ဂျပန်တွင် အောင်ပွဲရ

တရုတ်ဇာတ်လမ်း Wind From Luoyang တွင် ဝမ်ရိဘို ပါဝင်ထားပြီး Amazon Prime Video Japan တွင် သုံးပတ်ဆက်တိုက် နံပါတ်တစ်နေရာရရှိပြီး အောင်ပွဲခံနိုင်ခဲ့သည်ဟု ဝိန်ဘို ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါ ဇာတ်ကားအောင်မြင်မှုအတွက် Japan's Channel Ginga တွင်လည်း ထပ်မံထုတ်လွှင့်သွားမည်ဖြစ်သည်ဟု ကြေညာထားသည်။

ယင်းဇာတ်လမ်းတွဲကို Wowow Channel၌ ပထမဆုံး ထုတ်လွှင့်ပြသခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် Satellite Theater တွင် ပြသကာ ၂၀၂၄ ခုနှစ်တွင် Channel Ginga က ထုတ်လွှင့်ပြသခဲ့ခြင်းဖြစ်ကာ ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ရာမှ ထိပ်ဆုံးနေရာရရှိခဲ့ခြင်း ဖြစ်သည်။

လက်ရှိ အနုပညာလုပ်ငန်းများနှင့် အချိန်ပြည့်နေသော ဝမ်ရိဘိုက ဂျပန်ခရီးစဉ် ထွက်ခွာသွားရာ ယင်းဇာတ်ကား အောင်မြင်မှုအတွက် ဖြစ်မည်ဟု ပရိသတ်မှတ်ချက်ပေးထားကြသည်။

(SKY)

o-o-o-o-o-o-o



## အိုမီဂါ-၃ ဖြည့်စွက်ဆေးဝါးများက ကိုလက်စထရောလျှော့နည်းစေနိုင်

အိုမီဂါ-၃ ဖြည့်စွက်ဆေးဝါးများက မျိုးရိုးဗီဇအခြေခံအရ ကိုလက်စထရောနှင့် ထရိုင်ဂလီဆာရိုက်များတက်ခြင်း၏ အလားအလာကို လျှော့နည်းစေနိုင်သည်ဟု အမေရိကန်သိပ္ပံပညာရှင်များ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိပ္ပံနှင့်နည်းပညာ ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ယင်းအိုမီဂါ-၃ပါဝင်သော ငါးကြီးဆီအာဟာရဖြည့်စွက်ဆေးဝါးများထုတ်လုပ်သည့်လုပ်ငန်းသည် အမေရိကနှင့်အပြည်ပြည်ဆိုင်ရာ ဈေးကွက်တွင် အောင်မြင်သော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး လူ ၂၅ ဦးတွင် ၂ ဦးခန့်သည် ထိုဖြည့်စွက်ဆေးဝါးများကို သောက်သုံးနေကြသည်။

အဆိုပါဖြည့်စွက်အာဟာရများ၏ အကျိုးအာနိသင်အကြောင်း ကျော်ကြီယာတက္ကသိုလ်မှ မကြာသေးမီက ပါရဂူဘွဲ့ရရှိထားသော ယီတန်းဆွန်ဦးဆောင်သည့် သုတေသီများအနေဖြင့် ပါဝင်သူ ၄၄၁၀၀၀ကျော်၏ မျိုးဗီဇဆိုင်ရာအချက်အလက်များအပေါ် အခြေခံကာ လက်တွေ့စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ မျိုးရိုးဗီဇအခြေခံအရ ကိုလက်စထရောနှင့် ထရိုင်ဂလီဆာရိုက်များတက်ခြင်း၏ အလားအလာကို အိုမီဂါ-၃ က လျှော့နည်းစေနိုင်ကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။ SCI

## Sheriff: Narko Integriti မလေးရှား ရုပ်ရှင်ဇာတ်ကား ဒုတိယဝင်ငွေ အများဆုံးရရှိထား

မလေးရှားအက်ရှင်ဇာတ်ကား Sheriff:Narko Integriti သည် မလေးရှားနိုင်ငံ၏ ဒုတိယဝင်ငွေ အများဆုံး ရရှိထားသော ဇာတ်ကားဖြစ်သည်ဟု ဟောလိဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကား၏ ရိုက်ကူးမှု၊ ဇာတ်လမ်းရေးသားမှု၊ သရုပ်ဆောင်ကောင်းမွန်မှု၊ ကင်မရာလှုပ်ရှားမှုနှင့် အတူ




မထင်မှတ်ထားသည့် ဇာတ်ကွက်အပြောင်းအလဲများကြောင့် ချီးကျူးခံထားရပြီး နောက်ဆက်တွဲရုပ်ရှင်ထပ်မံရိုက်ကူးရန်အထိ ကြေညာထားသည်။

ယင်းဇာတ်ကားတွင် ဥပဒေကို လက်တစ်လုံးခြားလုပ်နေသည့် မလေးရှားနိုင်ငံ၏ အကြီးဆုံး ဘိန်းဖြူဂိုဏ်းခေါင်းဆောင်ကို မူးယစ်နှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်တစ်ဦးက ကိုယ်တိုင်ရှင်းရန် ကြိုးစားရာမှ လူသတ်မှုနှင့် ဆက်နွှယ်၍ စစ်ဆေးဖော်ထုတ်မည့် ရဲတစ်ဦးရောက်ရှိလာခဲ့သည်။

လူသတ်သမားကို ရှာဖွေရန်အတွက် အချင်းချင်းသံသယများနှင့် ဖော်ထုတ်ပုံကို ရင်တမမ ကြည့်ရှုကြရမည့် ၂၀၂၄ ခုနှစ်ထွက် အက်ရှင်ဇာတ်ကားသစ်ဖြစ်သည်။ (SKY)



## Zhao Lusi က ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင် အကျော်ကြားဆုံး စာရင်းဝင်ဖြစ်

၂၀၂၄ ခုနှစ် ပထမနှစ်ဝက်အတွက် တရုတ်အနုပညာရှင်များ၏ ပရိသတ်သန်းနှင့်ချီ၍ အားပေးမှု ရရှိထားသော Weibo Topics Top 20 စာရင်းတွင် ကျန်းလူဆီ ထိပ်ဆုံးနေရာ ရရှိခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစာရင်းတွင် အမျိုးသမီးအနုပညာရှင်နှစ်ဆယ်ဦး၌ ကျန်းလူဆီ၊ ဘိုင်လူ၊ ယောင်မီ၊ ကျန်းလီယင်၊ ဒီလ်ဘာရာဒီမူရတ်၊ ယောင်ဇီ၊ ဂျူဂျင်ရီ၊ လျူယူရှင်း၊ အန်ဂျလာဘေဘီတို့ ထိပ်ဆုံးဆယ်ဦးစာရင်းဝင်ခဲ့သည်။

ကျန်ရီ၊ လျူရီဖိန်း၊ လျူယူရောင်၊ မန်မီကျိ၊ ကျန်ဂျင်ရီ၊ တီအန်ရှီဝန်၊ ချန်ဒူလင်၊ တန်ယန့်နှင့်လျူဟောင်ချူတို့ နှစ်ဆယ်ဦးစာရင်းတွင် ပါဝင်ခဲ့ကြသည်။

အမျိုးသားအနုပညာရှင်များစာရင်း၌ ရှောင်းကျန့်၊ ချန်ရီ၊ ဝမ်ရိဘို၊ ဝမ်ဟီဒီ၊ ဝေါင်ဂျွန်၊ ဒေါင်ဝိန်၊ ရမ်ဂျီအာလန်၊ ကျူရီလောင်၊ လောင်ရမ်ရှီးနှင့် ကျန်လင်းမီတို့ ထိပ်ဆုံးတစ်ဆယ်ဝင်ခဲ့ကာ ဝိန်ဒါရှန်၊ လိမ်ရှုကန်၊ တန်ဂျီအန်စီ၊ ဝူလိန်၊ ဘိန်ဂျင်းတင်၊ လီရှန်၊ ဂျက်ဆင်ကျန်၊ ကျန်ရီရှင်း၊ ကျန်ရှုနှင့် လျူဟာန်တို့ နှစ်ဆယ်စာရင်းဝင်ခဲ့ကြသည်။ (SKY)

## RM ညီမ၏ ဆိုးလ်ကော်ဖီဆိုင်ဖွင့်ပွဲသို့ အဖွဲ့ဝင်မိသားစုနှင့် ပရိသတ်များ အားပေးထားကြ

ဘီတီအက်စ်အဖွဲ့ဝင် အာရ်အမ်(ခေါ်)ကင်နမ်ဂျွန်၏ ညီမက ဆိုးလ်တွင် ကော်ဖီဆိုင်ဖွင့်ခဲ့ရာ အဖွဲ့ဝင်မိသားစုများနှင့် ပရိသတ်များ လာရောက်အားပေးခဲ့ကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ကော်ဖီဆိုင်ကို ဆိုးလ်မြို့ Seong Su-dong တွင် ဖွင့်လှစ်ခဲ့ရာ မျက်နှာချင်းဆိုင်၌ နာမည်ကြီးကုန်အမှတ်တံဆိပ် အဝတ်အထည်ဆိုင်နှင့်အနီးအနားတွင် ရုံးခန်းများဖွင့်ရန်ရှိပြီး စည်ကားသည့်နေရာတစ်ခုဖြစ်ခဲ့သည်။






အဖွဲ့ခေါင်းဆောင်၏ ညီမဖြစ်သူ ကော်ဖီဆိုင်သို့ အဖွဲ့ဝင်များ၏ မိသားစုများ လာရောက်အားပေးခဲ့ကြရာ သင်တန်းပြီးစီးသွားသည့် ဂျင်နှင့် အစ်မဖြစ်သူ၊ ဂျေဟုတ်၏ ညီမဖြစ်သူတို့ အပါအဝင် အခြားအဖွဲ့ဝင်များ၏မိသားစုများ၊ ပရိသတ်များက အားပေးထားကြပြီး မှတ်ချက်ကောင်းများ ပေးထားကြသည်။ (SKY)

## အိန္ဒိယမင်းသားကြီး Mohan က Genre ရုပ်ရှင်ဇာတ်ကားနှင့် တစ်ကျော့ပြန်လာ

အိန္ဒိယတောင်ပိုင်းမင်းသားကြီး မိုဟန်သည် ၁၄ နှစ်ကြာမှ အနုပညာလောကသို့ Genre ရုပ်ရှင်တစ်ကိုယ်တော်ပုဇ္ဇာရှင်းတမ်းနှင့်တစ်ကျော့ပြန်လာခဲ့သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်မှာ အသစ်စက်စက်ထွက်ရှိထားသည့် တမီးလ်စကားပြောသည်းထိတ်ရင်ဖို အက်ရှင်ဇာတ်ကားဖြစ်ပြီး ဝါရင့်မင်းသားကြီးမိုဟန်ပါဝင်ထား၍ ပရိသတ်အားပေးမှုမြင့်မားကာ IMDB 7-8အထိရရှိထားသည်။

ကွိုင်တာပူရ်မြို့ဘုရားပွဲတွင် ရဲများတင်းကြပ်စွာ လုံခြုံရေးချထားရာမှ ပဟေဠိဆန်ဆန်လူတစ်ဦးက သမီးဖြစ်သူ အဆုံးစီရင်မှုအတွက် တစ်ကိုယ်တော် ပုဇ္ဇာရှင်းတမ်း ပြုလုပ်ခဲ့သည်။

သေဆုံးသွားသော သမီးဖြစ်သူ၏နောက်ကွယ်မှ လျှို့ဝှက်ချက်များကို ဖခင်က ကြက်သွန်နွှာသကဲ့သို့ တစ်လွှာချင်းနွှာ၍ မြေအောက်လောကအထိ ဝင်ရောက်ခဲ့ပုံကို ရိုက်ကူးတင်ပြထားသည်။

(SKY)



## Jason Statham အက်ရှင်မင်းသားကိုယ်ခံပညာရပ်များ ကျွမ်းကျင်ထား

ဟောလိဝုဒ်အက်ရှင်မင်းသား ဂျက်ဆန်စက်မန့်သည် အားကစားလိုက်စားပြီး ကိုယ်ခံပညာရပ်များ ကျွမ်းကျင်၍ လူစားထိုးသရုပ်ဆောင်ခြင်းမပြုဘဲ ကိုယ်တိုင်သရုပ်ဆောင်သူဖြစ်သည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

ဂျက်ဆန်စက်မန့်သည် အားကစားပွဲများတွင် ရေကူးအသင်း၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ဘရာဇီးဂျူဂျစ်ဆု ခရမ်းရောင်ခါးပတ်အဆင့် ၇ ရရှိထားကာ ကရာတေးနှင့် ကွန်ဖူးပညာကိုလည်း လိုက်စားခဲ့သည့် ကိုယ်ခံပညာရပ်များ ကျွမ်းကျင်သူဖြစ်သည်။

ဂျက်ကီချန်း၊ တွမ်ခရုစ်တို့ကဲ့သို့ လူစားထိုးသရုပ်ဆောင်ခြင်းမရှိဘဲ သူပါဝင်ထားသည့် The Beekeeper မှာ အောင်မြင်မှုရရှိထားပြီး ကစ်ဘောက်ဆင်ကို အကြိုက်ဆုံးဖြစ်ကာ အနုပညာနှင့် လက်ဝှေ့ထိုးသူဟု ချီးကျူးခံခဲ့ရပြီး Fast & Furious ရုပ်ရှင်တွင် ဂျက်ဆန်စက်မန့်က စတန့်ပြကွက်နှင့် ဖမ်းစားနိုင်ခဲ့သည်။ (SKY)



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီဥက္ကဋ္ဌ တတိယသက်တမ်းအတွက် မျှော်မှန်းမထား



**ဘာလင် ဩဂုတ် ၁၁**

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမတ်ဘတ်သည် တတိယအကြိမ်သက်တမ်းအတွက် ထပ်မံနာမည်စာရင်းတင်သွင်းရန် မျှော်မှန်းထားခြင်းမရှိဟု ဩဂုတ် ၁၁ ရက်တွင် ပဲရစ်မြို့၌ ကြေညာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အလေးအနက်စဉ်းစားကာ မိမိ၏ မိသားစုနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် အိုလံပစ်စည်းမျဉ်းများတွင် ဖော်ပြထားသည့် သက်တမ်းကန့်သတ်ချက်အရ သက်တမ်းမတိုးလိုတော့ဟု ဆုံးဖြတ်လိုက်ကြောင်း ဘတ်က ရှင်းလင်းပြောကြားသည်။

ဘတ်အနေဖြင့် ၂၀၁၃ ခုနှစ်တွင် ၈ နှစ်သက်တမ်းအတွက် ရွေးချယ်ခံရပြီး ၂၀၂၁ ခုနှစ်တွင် ၄ နှစ် တိုးမြှင့်ခြင်းခံခဲ့ရသည်။ ၎င်း၏ ၁၂ နှစ်တာ ဥက္ကဋ္ဌသက်တမ်းသည် လာမည့်နှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။ **Mon**

## အီရန်ဟက်ကာများ၏ တိုက်ခိုက်ခြင်းခံခဲ့ရသည်ဟု ဒေါ်နယ်လ်ထရမ့်၏ မဲဆွယ်စည်းရုံးရေးအဖွဲ့ စွပ်စွဲ

**ဝါရှင်တန် ဩဂုတ် ၁၁**

ဒေါ်နယ်လ်ထရမ့်၏ မဲဆွယ်စည်းရုံးရေးအဖွဲ့က မိမိတို့၏ အတွင်းရေးဆိုင်ရာ ဆက်သွယ်ချက်အချို့ အီရန်၏ တိုက်ခိုက်ခြင်းခံခဲ့ရသည်ဟု ဩဂုတ် ၁၀ ရက်တွင် စွပ်စွဲပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဒုတိယသမ္မတအဖြစ် ဒေါ်နယ်လ်ထရမ့်နှင့် တွဲဖက်ရွေးကောက်ပွဲဝင်မည့် အိုဟိုင်းယိုးပြည်နယ်အုပ်ချုပ်ရေးမှူး ဂျေဒီဗန့်စ်နှင့်ပတ်သက်၍ ပြုလုပ်ခဲ့သော အတွင်းရေးဆိုင်ရာ သုတေသနစာရွက်စာတမ်းများကို အီးမေးလ်ဖြင့် ပို့ခဲ့သည်ဟု အမေရိကန်အခြေစိုက် ပိုလီတီကိုသတင်းဝက်ဘ်ဆိုက်က အတည်ပြုသည်။




အမေရိကန်ပြည်ထောင်စုကို မုန်းတီးသော နိုင်ငံက ယင်းစာရွက်စာတမ်းမူရင်းများကို တရားမဝင်ရယူခဲ့ပြီး သမ္မတရွေးကောက်ပွဲပျက်ပြားအောင် ကြံစည်ခဲ့ခြင်းဖြစ်သည်ဟု မဲဆွယ်စည်းရုံးရေးအဖွဲ့ အကြံပေးတစ်ဦးက ဘီဘီစီကို ပြောကြားသည်။

နာမည်မဖော်ထုတ်ထားသော အမေရိကန်သမ္မတရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး၏ မဲဆွယ်စည်းရုံးရေးအဖွဲ့အား တိုက်ခိုက်ရန် အီရန်ဟက်ကာများက လွန်ခဲ့သည့် ဇွန်လတွင် ကြံစည်ခဲ့ကြောင်း ဖော်ပြသည့် အစီရင်ခံစာ ထုတ်ပြန်ပြီးတစ်ရက်အကြာတွင် အဆိုပါအကြံပေးက ထုတ်ဖော်ပြောကြားခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



**ပဲရစ်အိုလံပစ်အားကစားပွဲတော် အမျိုးသားမာရသွန်အပြေးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့သော အီသီယိုပီးယားအပြေးအားကစားသမား တာမီရတ်တိုလာကို ပန်းဝင်လာအပြီး တွေ့ရစဉ်။** **Mon**

## လီသီယမ်သတ္တုတူးဖော်ရေး စီမံကိန်းကို ဘဲလ်ဂရိတ်မြို့တော်၌ ဆန့်ကျင်ကန့်ကွက်




**ဘဲလ်ဂရိတ် ဩဂုတ် ၁၁**

ဆားဘီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့တော်တွင် ဩဂုတ် ၁၀ ရက်က လူပေါင်းထောင်နှင့်ချီ၍ စုဝေးကာ ရီယိုတင်တိုကုမ္ပဏီ၏ လီသီယမ်သတ္တုတူးဖော်ရေး စီမံကိန်းကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဥရောပ၏ အစိမ်းရောင်စွမ်းအင်ပြောင်းလဲရေးအတွက် အရေးကြီးသော စွမ်းအင်ရင်းမြစ်အဖြစ် ဝန်ဆောင်မှုပေးရန် ရည်ရွယ်ထားသည့် လီသီယမ်သတ္တုတွင်းပြန်လည်ဖွင့်လှစ်မည့် အစီအစဉ်ကို တစ်ခဲနက် ကန့်ကွက်ကြခြင်းဖြစ်သည်။

ယင်းလူထုလှုပ်ရှားမှုမတိုင်မီ ခေါင်းဆောင်အဖြစ် ဦးဆောင်သူနှစ်ဦးကို လုံခြုံရေးအရာရှိများက အချိန်တိုအတွင်း ထိန်းသိမ်းကာ ကန့်ကွက်သူများ လမ်းပိတ်မည်ဆိုပါက တရားဥပဒေနှင့်ညီမည်မဟုတ်ဟု အစိုးရအာဏာပိုင်များက သတိပေးခဲ့သည်။

ဆားဘီးယားအနောက်ပိုင်း လောဇနီကာမြို့အနီး ယင်းသတ္တုအရင်းအမြစ်ကို ၂၀၀၄ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အများပြည်သူ ကန့်ကွက်ဆန္ဒပြမှုများကြောင့် အစိုးရက လီသီယမ်တူးဖော်ရေးစီမံကိန်းကို ရပ်တန့်ခဲ့သည်။

အင်္ဂလိပ်-ဩစတြေးလျကုမ္ပဏီဖြစ်သည့် ရီယိုတင်တိုအား တူးဖော်လုပ်ကိုင်ခွင့်ပေးထားသည့် ခွင့်ပြုမိန့်ကို ရုပ်သိမ်းရန် ထုတ်ဆင့်ခဲ့သော အမိန့်သည် ဥပဒေအရ မမှန်ကန်ဟု ဇူလိုင်လတွင် ချမှတ်ခဲ့သည့် ခုံသမာဓိ၏ ဆုံးဖြတ်ချက်အရ ဆားဘီးယားအစိုးရက ပြန်လည်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## တောင်ကိုရီးယား၌ လျှပ်စစ်ကားမီးလောင်မှုများ ဖြစ်ပွားစိုးရိမ်မှုများစွာရှိနေသဖြင့် အရေးပေါ်စည်းဝေးမည်

**ဆိုးလ် ဩဂုတ် ၁၁**

လျှပ်စစ်ကားများနှင့် ပတ်သက်သော မီးလောင်မှုများ၊ အထူးသဖြင့် အလွန်အကျွံပူက်စီးဆုံးရှုံးမှုများဖြစ်စေသော မီးလောင်မှုများနှင့်ပတ်သက်၍ လာမည့်အပတ်တွင် တောင်ကိုရီးယားပတ်ဝန်းကျင်ဝန်ကြီးဌာနက အရေးပေါ်အစည်းအဝေး ကျင်းပရန် စီစဉ်နေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



ထိုဝန်ကြီးဌာန၏ အစည်းအဝေးတွင် အခြားဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများ၊ အမျိုးသားမီးသတ်အဖွဲ့ စသည်တို့မှ တာဝန်ရှိသူများ ပါဝင်မည်ဟု ဆိုသည်။

ထို့ပြင် တောင်ကိုရီးယားအစိုးရက လျှပ်စစ်ကားမီးလောင်မှုများနှင့် သက်ဆိုင်အကျုံးဝင်သော ကာကွယ်ရေးအဆင့်များကို မကြာမီကြေညာမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

ယခင်အပတ်က တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့ရှိ တိုက်ခန်းအောက် မြေညီထပ်ဂိုထောင်တွင် တရုတ်အခြေစိုက် ဖာရာစစ်စွမ်းအင်ကုမ္ပဏီက ထုတ်လုပ်သော ဘက်ထရီများ ပါဝင်သည့် မာစီဒီးဘန့်ဇ်လျှပ်စစ်မော်တော်ယာဉ်တစ်စီး မီးလောင်ခဲ့သည်။

ယင်းမီးလောင်မှုကို ထိန်းချုပ်နိုင်ရန် ၈ နာရီကျော်ကြာခဲ့ပြီး မော်တော်ယာဉ် ၁၄၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သည်။ မီးခိုးငွေ့ရှူမိသူ ၂၃ ဦးကို ဆေးရုံတင်ခဲ့ရကြောင်း မီးသတ်ဌာနက သတင်းထုတ်ပြန်သည်။

ထိုမီးလောင်မှုဖြစ်ပွားပြီးနောက် ပတ်ဝန်းကျင်ဝန်ကြီးဌာနက အရေးပေါ်အစည်းအဝေးကျင်းပရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## ဩစတြေးလျနိုင်ငံ ဂျော့ဂျက်စ်မြစ်ကမ်းတစ်နေရာ၌ ထူးဆန်းစွာပျောက်ဆုံးသွားသူကို ရဲများရှာဖွေနေ

**ကင်ဘာရာ ဩဂုတ် ၁၁**

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့အနီးရှိ ဂျော့ဂျက်စ်မြစ်ကမ်းတစ်နေရာ၌ ဩဂုတ် ၁၀ ရက် ည ၁၁ နာရီခန့်တွင် အမှောင်ထဲမှ ကယ်ကြပါဟု အော်ဟစ်အကူအညီတောင်းသော ယောကျ်ားသံကြားလိုက်ရသည်။

ဒေသခံရဲတပ်ဖွဲ့ဝင်များက အသံလာရာသို့ သွားကြည့်သောအခါ လူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရဘဲ မြစ်ထဲရှိ လူမပါသော မော်တော်ဘုတ်တစ်စင်းနှင့် ကမ်းစပ်ရှိ လူမပါသော အနက်ရောင်မာစီဒီးကားတစ်စင်းကိုသာ တွေ့ကြရသည်။

အကြောင်းစုံကို ဖော်ထုတ်သိရှိနိုင်ရန် ဩစတြေးလျရဲ စုံထောက်များ ဩဂုတ် ၁၁ ရက်တွင် ဆက်လက်စုံစမ်းနေကြောင်း သိရသည်။

**Mon**



## ယူကျု၏ အမှုဆောင်အရာရှိချုပ်ဟောင်း ၅၆ နှစ်အရွယ်တွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်

**ဝါရှင်တန် ဩဂုတ် ၁၁**

ယူကျု၏ အမှုဆောင်အရာရှိချုပ်ဟောင်းဖြစ်သူနှင့် ဂူဂဲလ်၏ အစောပိုင်းဝန်ထမ်းတစ်ဦးဖြစ်သူ စူဇန်ဝုဂျစ်စကီသည် ဩဂုတ် ၁၀ ရက်က အသက် ၅၆ နှစ်အရွယ်တွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

စူဇန်ဝုဂျစ်စကီသည်"ဂူဂဲလ်၏ သမိုင်းကြောင်းတွင် အရေးပါသူ"ဟု ဂူဂဲလ်၏ မိခင်ကုမ္ပဏီ အယ်လ်ဖာဘက်၏ အမှုဆောင်အရာရှိချုပ် ဆွန်ဒါးပီချိုင်းက အိတ်ခ်စ်လူမှုကွန်ရက်တွင် ဖော်ပြခဲ့သည်။

၎င်းသည် ၁၉၉၈ ခုနှစ်တွင် ဂူဂဲလ်တည်ထောင်သူများဖြစ်သည့် ဆာဂေးဘရင်းနှင့် လယ်ရီပေ့ချ်တို့အား ၎င်း၏ ကားဂိုထောင်ငှားပေးခဲ့သည့်အချိန်ကတည်းက ယင်းကုမ္ပဏီ၏ စတင်ချိန်၌ ပါဝင်ခဲ့သူဖြစ်သည်။



နောက်ပိုင်းတွင် ဝုဂျစ်စကီသည် ကွန်ပျူတာချစ်ပ်များ ထုတ်လုပ်သည့် အင်တဲလ်ကုမ္ပဏီရှိ အလုပ်ကိုစွန့်လွှတ်၍ ဂူဂဲလ်တွင် ဝင်ရောက်လုပ်ကိုင်ရန် ညှိနှိုင်းခံခဲ့ရပြီး ကုမ္ပဏီ၏ ၁၆ ဦးမြောက်ဝန်ထမ်းဖြစ်လာခဲ့သည်။

၎င်းသည် ဂူဂဲလ်၏ပိုင်ဆိုင်မှုဖြစ်သော အွန်လိုင်းဗီဒီယိုမျှဝေသည့် ယူကျုကုမ္ပဏီကို ၉ နှစ်ကြာ ဦးဆောင်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ၎င်း၏မိသားစု၊ ၎င်း၏ကျန်းမာရေးနှင့် စိတ်ဝင်စားသော ပုဂ္ဂလိကစီမံကိန်းများအပေါ် အာရုံစိုက်ရန်အတွက် ရာထူးမှ အနားယူခဲ့ကြောင်း သိရသည်။

**Mon**

## မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်၊ ငွေလှူဒါန်း



**မန္တလေး ဩဂုတ် ၁၁**

အခြေခံပညာဦးစီးဌာန၊မန္တလေးတိုင်းဒေသကြီး၊ ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟိုမန္တလေး) (AEDA-MDY) တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ ၉ လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား ရှိ ရွှေပင်ဆင့်ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ရွှေပင်ဆင့်ကိုယ်ပိုင်အထက်တန်းကျောင်းတည်ထောင်အုပ်ချုပ်သူ ဦးတင်ထွန်းဦးက အဖွင့်အမှာ စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း (ဗဟို-မန္တလေး)မှ ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က မူးယစ်သမိုင်းကြောင်းကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးမြင့်သန်းက မူးယစ်ဆေးဝါးအမျိုးအစားများနှင့်ဆိုးကျိုးအန္တရာယ်ကိုလည်းကောင်း အသိပညာပေး ပြောကြားသည်။

ဆက်လက်၍ ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား အသင်း အမှုဆောင်များဖြစ်သော ဒေါ်သင်းသင်ဦး၊ ဦးဝင်းမင်းလှိုင်တို့က မေးခွန်းများ မေးမြန်းပြီး ဖြေဆိုသည့် ကျောင်းသား၊ကျောင်းသူများအား ဆုများ ချီးမြှင့်ကြပြီး မူးယစ်ဆေးဝါးမသုံးစွဲစေရန် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သန္နိဋ္ဌာန်ချတ်ဆိုကြသည်။ **(အပေါ်ဝဲပုံ)**

ယင်းနောက် ရွှေပင်ဆင့်ကိုယ်ပိုင်အထက်တန်းကျောင်းတည်ထောင်အုပ်ချုပ်သူ ဦးတင်ထွန်းဦးက အသင်းသို့ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ အသင်းတွင်းရေးမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **(၀၇၀)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## ဂန့်ဂေါမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ဂန့်ဂေါ ဩဂုတ် ၁၁**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဂန့်ဂေါမြို့နယ်၊ ကျောမြို့မြို့ဝင်စစ်ဆေးရေးဂိတ်တွင် ပိတ်ဆို့စစ်ဆေးနေစဉ်ယာဉ်မောင်း အမျိုးသားအား မူးယစ်ဆေးဝါးများနှင့် ဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၉ ရက် နံနက် ၈ နာရီခွဲက လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မြို့အဝင်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်များအား ပိတ်ဆို့စစ်ဆေးနေစဉ်ယာဉ်မောင်း ဦးကျင်စွမ်းမောင်းနှင် လာသော Toyota Hilux Surf ယာဉ်အား ရှာဖွေရာမှ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ပြားပါ အထုပ် ၃၀ ထုပ် စုစုပေါင်း ဆေးပြား ၃၀၀၀၀၀ ပြားအား သိမ်းဆည်းရမိသဖြင့် အရေးယူခဲ့ခြင်းဖြစ်သည်။

အဆိုပါ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြားများအား သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိသူ ယာဉ်မောင်း ဦးကျင်စွမ်း(၃၉)နှစ်အား ဂန့်ဂေါမြို့နယ်ရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မဖြင့် အရေးယူထားပြီး အမှုကွင်းဆက်များ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၅၇)**

## ပြင်ဦးလွင်တွင် သစ်ပင်လဲကျပြီး ယာဉ်နှစ်စီးပေါ်ပိမိ ရှင်းလင်းဖယ်ရှားပေး

**ပြင်ဦးလွင် ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၆)၊ တရုတ်ဘုံကျောင်းလမ်းတွင် ဩဂုတ် ၁၀ ရက်၊ ည ၇ နာရီ ၂၅ မိနစ်ခန့်က မိုးရွာသွန်းပြီး လေတိုက်မှုကြောင့် လုံးပတ် ၃ပေ၊ အမြင့် ပေ ၂၀ ရှိ သစ်ပင်လဲကျ၍ လမ်းဘေးတွင် ရပ်ထားသော အိမ်စီးယာဉ်နှစ်စီးပေါ်တွင် သစ်ကိုင်းများ ပိမိနေကြောင်း သတင်းရရှိသဖြင့် ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးမှူးဦးစီး၍ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး၊ ပြင်ဦးလွင်မြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေး သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ သွားရောက်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ သစ်ပင်လဲကျမှုကြောင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။ **(အောက်ပုံ)(၀၄၅)**



## တရားမဝင်သစ်မျိုးစုံ၊ ဓာတုပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စဥ့်ကိုင်မြို့ မြို့အဝင်တိုးဂိတ်အနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အင်ဒိုနီးရှားနိုင်ငံထုတ် CHO CHO ချောကလက် အနှစ်ဘူး ၄၈၀၀နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Light Truck တစ်စီး၊ Mitsubishi Light Truck တစ်စီးကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မိုင်းလားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Galvanized Iron Sheet ကီလိုဂရမ် ၁၅၀၀၀နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Trck တစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၈ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ် နောင်ဖာဂိတ်အနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် TV Spare Parts အခု ၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် မော်လိုက်မြို့ မြို့မ(၁)ရပ်ကွက်၌ တရားဝင်သယ်ဆောင်ခွင့်အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Tiger ဘီယာပုလင်း ၃၂၄ လုံး၊ ABC ဘီယာပုလင်း ၇၅၆ လုံး၊ သံပုရာတံဆိပ်ပါအရက် ၉၂၆ ပုလင်းအပါအဝင် ကုန်ပစ္စည်းကိုးမျိုးကို သိမ်းဆည်းရမိခဲ့ပြီး ယစ်မျိုးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူနှစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်

ရန်ကုန် ဩဂုတ် ၁၁

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့သည် သက်ဆိုင်ရာနိုင်ငံသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ ဒီရတ်ဒ်မြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မသီတာအောင်နှင့် မခင်မြတ်နိုးဝင်းတို့အား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ယူအေအီးနိုင်ငံရှိရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးဌာန၊ အလုပ်သမားရေးရာနှင့်စပ်လျဉ်းသည့် ဌာနများသို့ ယူအေအီးနိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံဘက်မှ ပို့ဆောင်သူများ၊ ဒူဘိုင်းဘက်မှ အေဂျင်စီများထံဆက်သွယ်၍ ကာယကံရှင်များ နေရပ်သို့ ပြန်လည်ထွက်ခွာနိုင်ရေးဆောင်ရွက်ပေးရန် ညှိနှိုင်းပေးခြင်းနှင့် နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသူများအတွက် သက်သေခံလက်မှတ်များ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူနှစ်ဦးမှ မသီတာအောင်သည် ဩဂုတ် ၉ ရက်တွင် ဒူဘိုင်း-ရန်ကုန် ခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး မခင်မြတ်နိုးဝင်းသည် ဩဂုတ် ၁၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဒူဘိုင်း-ရန်ကုန်ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ယနေ့ည ၁၀ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။ (ဓါတ်ပုံ)



ယူအေအီးနိုင်ငံတွင် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာအထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ **ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး**

## အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ဗီယက်နမ်ကလပ်နှင့် အဝေးကွင်းစတင်ကစားရမည်

ရန်ကုန် ဩဂုတ် ၁၁

အာဆီယံ ဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် ၂၀၂၄-၂၀၂၅ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲများကို ဩဂုတ် ၂၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်း စတင်ကစားရမည်ဖြစ်သည်။

မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည်ခြေစစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ရပြီး ဘရူနိုင်းကလပ် ကာဆူကာအသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း ဖြစ်သည်။ နောက်ဆုံးအဆင့် အုပ်စုပွဲများကို ခြောက်သင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် BG ပါသွန်ယူနိုက်တက် (ထိုင်း)၊ တီရန်ဂါနူး (မလေးရှား)၊ ထန်ဟွာ (ဗီယက်နမ်)၊ မာကာဆာ (အင်ဒိုနီးရှား)၊ Preah Khan Reach Svay Rieng (ကမ္ဘောဒီးယား)၊ ရှမ်းယူနိုက်တက် (မြန်မာ)၊ အုပ်စု (ခ) တွင် ဘူရီရမ်ယူနိုက်တက် (ထိုင်း)၊ ကွာလာလမ်ပူစီးတီး (မလေးရှား)၊ ဟန္နိုင်း (ဗီယက်နမ်)၊ ဘော်နီယို (အင်ဒိုနီးရှား)၊ ကာယာ (ဖိလစ်ပိုင်)၊ Lion City Sailors (စင်ကာပူ)တို့ ပါဝင်နေသည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုငါးပွဲအနက် နှစ်ပွဲကို အိမ်ကွင်း၊ သုံးပွဲကို အဝေးကွင်း ကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၂၁ ရက်တွင် ဗီယက်နမ်ကလပ် ထန်ဟွာအသင်းနှင့် အဝေးကွင်း၊ စက်တင်ဘာ ၂၅ ရက်တွင် အင်ဒိုနီးရှားကလပ် မာကာဆာအသင်းနှင့် အဝေးကွင်း၊ ဇန်နဝါရီ ၈ ရက်တွင်မလေးရှားကလပ် တီရန်ဂါနူးအသင်းနှင့် အိမ်ကွင်း၊ ဇန်နဝါရီ ၂၂ ရက်တွင် ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်းနှင့် အိမ်ကွင်း၊ ဖေဖော်ဝါရီ ၅ ရက်တွင် ကမ္ဘောဒီးယားကလပ် Preah Khan Reach Svay Rieng အသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာ ပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယခုပြိုင်ပွဲအပြင် အာရှဘောလုံးအဖွဲ့ချုပ်က ကျင်းပမည့် AFC Challenge League ပြိုင်ပွဲလည်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။



**အာဆီယံကလပ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည့် ရှမ်းယူနိုက်တက်အသင်း။**

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၁

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Thant Zin Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ်(၈)ရပ်ကွက်နေ သန့်ဇင်အောင်အား နံနက် ၁ နာရီ ၅ မိနစ်တွင် လည်းကောင်း၊ “Ma Ma Moe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အမှတ်(၃) ရပ်ကွက်နေ မေနွယ်မိုး(ခ) ပုံပုံ့အား ည ၆ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ် နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။


**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ငွေကျပ် ၂ ဒသမ ၁၉ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၉ ဒသမ ၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ခြောက်သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ငွေကျပ် ၂ ဒသမ ၁၉ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၉ ဒသမ ၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ခြောက်သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၇ ရက် နံနက် ၉ နာရီတွင် ကလေးမြို့နယ် ကလေးဝမြို့ အမှတ်(၁) ရပ်ကွက် ကလေးဝ-ကလေးသွား ကားလမ်းတွင် မြင့်ဇော် မောင်းနှင်ပြီး မင်းခန့်ကျော်(ခ)ကိုကို လိုက်ပါလာသည့် FUSO ခြောက်ဘီး ခရီးသည်တင်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၂ ဒသမ ၁၉ ဘီလီယံတန်ဖိုးရှိ ပလတ်စတစ်ဆပ်ပြာခွက် ၁၉၈၀ ဖြင့် ထည့်လျက် ဘိန်းဖြူ ၁၉ ဒသမ ၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# နိုင်ငံတကာ အားကစား သတင်းများ

## 2024 Hamburg European Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Anna Bondar ဆွတ်ခူး



**ဟမ်းဘတ် ဩဂုတ် ၁၁**

ဂျာမနီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Hamburg European Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဟန်ဂေရီတင်းနစ်မယ် Anna Bondar က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ဟန်ဂေရီတင်းနစ်မယ် Anna Bondar သည် 2024 Hamburg European Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် နယ်သာလန်တင်းနစ်မယ် Arantxa Rus အား ၆-၄၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ Anna Bondar က ကျွန်မအခုလို 2024 Hamburg European Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်မနိုင်ငံအတွက်လည်း အကောင်းဆုံး ဂုဏ်ဆောင်နိုင်ခဲ့ပါတယ်ဟု ပြောသည်။ **(အပေါ်ဝဲပုံ)(NGB)**



## ဆိုလန်ကီအား ၆ နှစ်စာချုပ်ဖြင့် စပါးအသင်းခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၁**

စပါးအသင်းသည် ဘုန်းမောက်အသင်း တိုက်စစ်မှူး ဆိုလန်ကီအား ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၅သန်း + အပိုဆုကြေး စတာလင်ပေါင် ၁၀ သန်းဖြင့် ၆ နှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၁၆ ပွဲကစားကာ ၇၇ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းကခေါ်ယူခဲ့ခြင်း ဖြစ်သည်။

စပါးအသင်း ထုတ်ပြန်ချက်တွင် ဆိုလန်ကီအား ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း ဈေးကွက်အတွင်း ကစားသမားသစ် ခေါ်ယူအားဖြည့်သွားဦးမှာပါဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ)**

**(NGB)**

## စတာလင်အား ခေါ်ယူရန် ဂျူဗင်တပ်အသင်း စိတ်ဝင်စား

**တူရင် ဩဂုတ် ၁၁**

ဂျူဗင်တပ်အသင်းသည် ချဲလ်ဆီးအသင်း တောင်ပံကစားသမား စတာလင်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၁ ပွဲကစားပြီး ၁၉ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

တောင်ပံကစားသမား စတာလင်ကလည်း လက်ရှိအချိန် ချဲလ်ဆီးအသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ချဲလ်ဆီးအသင်းထံမှ စတာလင်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။

**(အောက်ပုံ)(NGB)**



## ဂျော်ဒန်ဂျိမ်းစ်အား ခေါ်ယူရန် ရင်းနက်စ်အသင်း စီစဉ်

**ပါရီ ဩဂုတ် ၁၁**

ပြင်သစ်လီဂူးကလပ် ရင်းနက်စ်အသင်းသည် ဘာမင်ဂမ်အသင်း ကွင်းလယ်ကစားသမား ဂျော်ဒန်ဂျိမ်းစ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။



အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘာမင်ဂမ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၅ ပွဲကစားပြီး ၁၀ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရင်းနက်စ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

ဘာမင်ဂမ်အသင်းကလည်း ဂျော်ဒန်ဂျိမ်းစ်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက ရောင်းချသွားဖွယ် ရှိနေသည်။

ထို့ကြောင့် ရင်းနက်စ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဘာမင်ဂမ်အသင်းထံမှ ဂျော်ဒန်ဂျိမ်းစ်အား ခေါ်ယူနိုင်မည်လား ဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ **(အပေါ်ပုံ)(NGB)**

## နည်းပြအိုနေးလ် ဝုဗ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဩဂုတ် ၁၁**

ပရီးမီးယားလိဂ်ကလပ် ဝုဗ်အသင်းသည် အသင်းနည်းပြ အိုနေးလ်အား ၄ နှစ်သက်တမ်းတိုး စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဝုဗ်အသင်းအား ၂၀၂၃ ခုနှစ် ဩဂုတ် ၉ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၄၅ ပွဲတွင် ၁၇ ပွဲနိုင်၊ ၈ ပွဲ သရေ၊ ပွဲ ၂၀ ရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အသက်(၄၁)နှစ်အရွယ်ရှိ နည်းပြ အိုနေးလ်က ကျွန်တော် ဝုဗ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ကျွန်တော်ကို ယုံကြည်စွာနဲ့ နောက်ထပ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့လို့ ဝုဗ် အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ လာမည့် ဘောလုံးရာသီသစ်မှာ ဝုဗ်အသင်းကို ရလဒ်ကောင်းတွေရယူနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါဟု ပြောသည်။

**(အောက်ပုံ)(NGB)**



## ဝီလီယံပါချို ပီအက်စ်ဂျီအသင်းတွင် ကျောနံပါတ် ၅၁ ဂျာစီအား ဝတ်ဆင်ကစားမည်



**ပါရီ ဩဂုတ် ၁၁**

နောက်ခံကစားသမားသစ် ဝီလီယံပါချို ပီအက်စ်ဂျီအသင်းတွင် ကျောနံပါတ် ၅၁ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အဆိုပါနောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဖရန့်ဖတ်အသင်းမှ ပီအက်စ်ဂျီအသင်းသို့ ၅ နှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

နောက်ခံကစားသမား ဝီလီယံပါချိုသည် ဖရန့်ဖတ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၄ ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ **(ဝဲပုံ)**

အသက်(၂၂)နှစ်အရွယ်ရှိ ဝီလီယံပါချိုက ကျွန်တော် ပီအက်စ်ဂျီအသင်းမှာ ကျောနံပါတ် ၅၁ ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ပီအက်စ်ဂျီအသင်းလို ခမ်းနားကြီးကျယ်တဲ့ အသင်းတစ်သင်းကို ပြောင်းရွှေ့ခွင့်ရလို့လည်း အတိုင်း မသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသိမ်းပိုက်နိုင်အောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါဟု ပြောသည်။ **(NGB)**

## တိုဒီဘိုအား အငှားစာချုပ်ဖြင့် ဝက်စ်ဟမ်းအသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၁**

ဝက်စ်ဟမ်းအသင်းသည် နိုက်စ်အသင်း နောက်ခံကစားသမား တိုဒီဘိုအား တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဝက်စ်ဟမ်းအသင်းတွင် ကျောနံပါတ် ၂၅ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

နောက်ခံကစားသမား တိုဒီဘိုသည် နိုက်စ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ၁၁၉ ပွဲကစားကာ ၁ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား (၇)ဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

**(အောက်ဝဲပုံ)(NGB)**



## ဘောလုံးသတင်း အတိုအထွာများ

* အမေရိကန်လက်ရွေးစင်အသင်းသည် နည်းပြ ပိုချက်တီနိုအား နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဆွေးနွေးလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။
* မန်ချက်စတာယူနိုက်တက်အသင်းသည် နောက်ခံကစားသမား ဒီလစ်နှင့် မာဇာရာဝီတို့အား ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(NGB)**

### အင်္ဂလိပ် ချန်ပီယံရှစ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၃-၈-၂၀၂၄ အင်္ဂါနေ့ | နံနက် ၀၁:၃၀ နာရီ | လူတန်တောင်း - ဘန်လေ | လူတန်တောင်း ၁-၂ ဘန်လေ<br>ဘန်လေ ၁-၁ လူတန်တောင်း |

### ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၆)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပွဲစဉ် - ၁ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၂-၈-၂၀၂၄ တနင်္လာနေ့ | ညနေ ၃:၃၀ နာရီ (ရန်ကုန်ကွင်း) | (၇) မဟာ - ဒဂုံစတား (၆)<br>(L,W,L,W,D) (W,L,W,W,L) | မဟာ ၀-၀ ဒဂုံစတား<br>ဒဂုံစတား ၄-၀ မဟာ |

# အမှတ်(၁)အ-ထ-ကတွင် ကျောင်းကျန်းမာရေး သီတင်းပတ်အထိမ်းအမှတ် လှုပ်ရှားမှုအဖြစ် အာဟာရပြည့်ချက်ပြုတ်ပြိုင်ပွဲ ကျင်းပ



**ကျောက်ပန်းတောင်း ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ် လှုပ်ရှားမှုအဖြစ် အာဟာရပြည့်ချက်ပြုတ်ပြိုင်ပွဲကို ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်းဝင်းတွင် ကျင်းပခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများ ကျောင်းနေပျော်၍ စာတော်စေရန်၊ ကျန်းမာရေးနှင့်ညီညွတ်၍ အာဟာရပြည့်ဝသော အစားအစာများကို ချက်ပြုတ်စားသောက်တတ်စေရန်နှင့် စည်းလုံးညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်တတ်သည့် အလေ့အထကောင်းများ ရရှိစေရန် ရည်ရွယ်ပြုလုပ်သည့် အာဟာရပြည့်ချက်ပြုတ်ပြိုင်ပွဲကို Grade-11၊ Grade -10 နှင့် Grade-9 ကျောင်းသား၊ ကျောင်းသူများက အဖွဲ့(၃)ဖွဲ့ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အမှတ်ပေးဒိုင်များအဖြစ် မြို့နယ်ပညာရေးမှူး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူးတို့က တာဝန်ယူ ဆောင်ရွက်ခဲ့ကြပြီး အာဟာရပြည့်ဝသည့် အစာအုပ်စု သုံးမျိုးလုံးပါဝင်မှု၊ သန့်ရှင်းသပ်ရပ်မှု၊ စည်းလုံးညီညွတ်စွာ ဆောင်ရွက်မှု၊ သတ်မှတ်အချိန်မီ ပြီးစီးမှုနှင့် အရသာကောင်းမွန်မှုတို့ကို အကဲဖြတ်အမှတ်ပေးခဲ့ကြသည်။ ပြိုင်ပွဲမစတင်မီ မြို့နယ်ပညာရေးမှူးက အမှတ်ပေးစည်းမျဉ်းသတ်မှတ်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများက မိမိတို့ ရွေးချယ်ထားသည့် ထမင်းနှင့် ဟင်းလျာများကို သတ်မှတ်အချိန်အတွင်း ပြီးစီး၍ အာဟာရပြည့်ဝပြီး အရသာရှိအောင် ယှဉ်ပြိုင်ချက်ပြုတ်ကြသည်။ ထို့နောက် အမှတ်ပေးဒိုင်များက ဟင်းလျာပြင်ဆင်ထားရှိမှုများနှင့် အရသာရှိမှုတို့ကို စိစစ်အကဲဖြတ် အမှတ်ပေးကြပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ Garde-10 က ပထမ၊ Grade-11 က ဒုတိယနှင့် Grade-9 က တတိယရရှိခဲ့ကြကြောင်း ဆုများကို မြို့နယ်ပညာရေးမှူးက အဖွဲ့ခေါင်းဆောင်များထံ ပေးအပ်သည်။

အဆိုပါပြိုင်ပွဲသို့ မြို့နယ်ပညာရေးမှူးဒေါ်မော်မော်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နှင်းနှင်းဝေနှင့် အဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်သဲဖြူ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နိုင်နိုင်ဝင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၅၆)**




# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၄) ကျင်းပ

**စစ်ကိုင်း ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်များ ခွင့်ပြုပေးနိုင်ရန်လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်က ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၄)ကို ဩဂုတ် ၇ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြောကြားခြင်း ဖြစ်သည်။

"စစ်ကိုင်းမြို့မှာဆောင်ရွက်မယ့် ရွှေငွေအေးတိုး ကုမ္ပဏီရဲ့ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတွေ ထုတ်လုပ်ရောင်းချတဲ့လုပ်ငန်းကို အတည်ပြုမိန့်ထုတ်ပေးဖို့အတွက် ဆွေးနွေးသွားကြဖို့ ဖြစ်ပါတယ်။ ကော်မတီအဖွဲ့ဝင်တွေအနေနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်တွေ ခွင့်ပြုပေးနိုင်ဖို့နဲ့ ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ အဆင်ပြေချောမွေ့ပြီး လုပ်ငန်းတွေ တိုးတက်အောင်မြင်ဖို့၊ တိုးမြှင့်ထည့်ဝင်ဆောင်ရွက်နိုင်ဖို့ ဆက်လက်ကြိုးပမ်းအားပေးကူညီဆောင်ရွက်ပေးသွားကြဖို့ လိုအပ်ပါတယ်" ဟု ဝန်ကြီးချုပ်က ပြောသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မေမျိုးဇော်က ယခင် အစည်းအဝေးဆုံးဖြတ်ချက်များ၏ ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းအခြေအနေများနှင့် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ရွှေငွေအေးတိုးကုမ္ပဏီလီမိတက်မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာ တင်ပြလာခြင်းကိစ္စနှင့် ပတ်သက်၍ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များက မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ပေးသွားမည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၉၄)**

# ဖြူးဗွစိုရ်လူမှုကူညီရေးအသင်း(မန္တလေး) (၈/၂၀၂၄)လပတ် အစည်းအဝေးကျင်းပ



**မန္တလေး ဩဂုတ် ၁၁**

ဖြူးဗွစိုရ်လူမှုကူညီရေးအသင်း (မန္တလေး) (၈/၂၀၂၄)လပတ် အစည်းအဝေးကို ဩဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ၆၂ လမ်း၊ ၃၃လမ်းနှင့်၃၄လမ်းကြားရှိ အဆိုပါ အသင်းရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် ဖြူးဗွစိုရ်လူမှုကူညီရေးအသင်း(မန္တလေး) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ငြိမ်းငြိမ်း၊ အတွင်းရေးမှူးဦးမောင်မောင်တာနှင့် အမှုဆောင်များ တက်ရောက်ကြသည်။ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူးက ဆောင်ရွက်ပြီး ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာငြိမ်းငြိမ်းက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ မျက်စိခွဲစိတ်ကုသမှုများ၊ သဘာဝဘေးကူညီမှုများ၊ နာရေးကိစ္စများတွင် ကူညီဆောင်ရွက်ပေးမှုများကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူးက အလှူငွေရရှိမှုများ၊ ရသုံးငွေစာရင်းနှင့် ဆေးပစ္စည်းဝယ်ယူမှုများကိုလည်းကောင်း၊ စာကြည့်တိုက်အဖွဲ့ခေါင်းဆောင်က ဖြူးဗွစိုရ်စာကြည့်တိုက်သို့ သုတရသစာအုပ်များ လှူဒါန်းရရှိမှုကိုလည်းကောင်း တင်ပြကြသည်။

ထို့နောက် တက်ရောက်လာသော အသင်းအလုပ်အမှုဆောင်များက ကဏ္ဍအလိုက်ရှေ့လုပ်ငန်းစဉ်များတင်ပြကြပြီး အသင်းဥက္ကဋ္ဌက တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၄၅)**

# လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း လူထုအသိပညာပေး ဟောပြောပွဲ ကျင်းပ

**စဉ့်ကိုင် ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ မြောက်ကိုင်းကျေးရွာနှင့် ရွာဟောင်းကုန်းကျေးရွာတို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း လူထုအသိပညာပေး ဟောပြောပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲက အဆိုပါကျေးရွာမွှာရုံ၌ ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးဦးဉာဏ်စိုးနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ အသိပညာပေးဟောပြောပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးက ၂၀၂၄ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနှင့် ပတ်သက်၍ ကျေးရွာနေပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရှင်းလင်းဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့ပြီး မြို့နယ်လဝကဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပြည်သူများအား ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့ လက်ကမ်းစာစောင်များကို အခမဲ့ လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**(၃၉၉)**



ဒီးကို ကြိုတင်ကာကွယ်ခြင်းဖြင့် အနိုင်ယူပါ ။

ဝတ္ထုတိုကဏ္ဍ

# အရိပ်မဲ့ဘဝလမ်း

ချမ်းမြေ့မိုး(မန္တလေး)



**၅–၈–၂၀၂၄ ရက် စာမျက်နှာ ၁၄မှ အဆက်**

နှစ်လရာသီတွေ အလီလီပြောင်းလာတာနဲ့ အမှူ မချောလည်း ဒေါ်ချောဖြစ်ခဲ့ရပါပြီ။ ဒေါ်ချော အသက်ကြီးခဲ့ပါပြီ။ ဆံပင်တွေ ဖြူလာတယ်။ မျက်စိတွေ မှုန်လာတယ်။ နားတွေ အူလာတယ်။ ပါးရေတွေ တွန့်လာတယ်။ သွားတွေကျိုးလာတယ်။ ခါးတွေလည်း ကိုင်းလာတယ်။

သွားလာတဲ့အခါ ဒူးတွေညွှတ်ပြီး မကြာခဏ ဆိုသလို လဲနေတတ်ပါတယ်။ တစ်ခါတစ်ခါ ချောင်းတွေဆိုးပြီး ရင်ဘက်တွေ အောင့်တယ်။ မောတယ်။ ပြောရရင် အရင်နဲ့ မတူတာတော့ အမှန်ပါ။ ဒါက ဇရာတွေက ဒေါ်ချောကို သတိပေးနေတဲ့ သဘောပါ။ နောက်ဆို ဗျာဒိ လာတော့မယ်။ ဒေါ်ချောက ဒါတွေ သိပေမယ့်လည်း သားအတွက် အခုချိန်ထိကို စျေးဗန်းခေါင်းပေါ်က မချနိုင်သေးပါ။ အခုချိန်ထိလည်း သားအတွက်ချည်း လုပ်နေရလို့ သူသွားတဲ့အခါ ပါသွားမယ့် ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ သံသရာခရီးရိက္ခာတွေလည်း ဘာတစ်ခုမှ မစုဆောင်းမိသေး၊ တစ်ကယ်လို့ ဒီအချိန်မှာသာ ဒေါ်ချောသေသွားခဲ့ရင် ဘယ်သွားရမလဲ၊ ဘာဖြစ်မလဲ၊ ဒါကတော့ ကိုယ်ပြုတဲ့ကံ အတိုင်းပဲလေ၊ ဒီအတွက် ဒေါ်ချော ပြင်ဆင်ထားရမှာပေါ့။ ဒေါ်ချောရဲ့ သနားစရာအဖြစ်တွေကို အစ်မဝမ်းကွဲတော်သူ ဒေါ်ချက်က

'ညည်းမှာလည်းလေ သားအတွက် လုပ်နေရတာ အခုချိန်ထိကို စျေးဗန်းခေါင်းပေါ်က မချရသေးဘူး ညည်းကြည့်ပြီး ငါတော့ စိတ်ဆင်းရဲပါတယ်'

'ဒါကတော့ ကိုယ်ပြုခဲ့တဲ့ ကံအတိုင်းပေါ့ အစ်မရယ်'

'ဒါနဲ့ ညည်းသား ဟိုအကောင်ကော ထုံးစံအတိုင်းပေါ့'

'သူ့ကို အလုပ်လေးဘာလေး လုပ်ခိုင်းဦးလေ ဒီအတိုင်းပဲ အလှကြည့်မနေနဲ့ဦး'

ဒီနေရာမှာ အစ်မပြောတာ နောက်ကျသွားပါပြီ။ ဒေါ်ချောအနေနဲ့ သားလေးကျောင်းထွက်ပြီး မကြာခင်မှာ အလုပ်လုပ်ခိုင်းခဲ့ပါတယ်၊ ကားဝပ်ရှော့၊ ဆိုင်ကယ်ဝပ်ရှော့၊ ကားဆေးသုတ်၊ တိုက်ဆေးသုတ် အစရှိတဲ့ အလုပ်တွေ လုပ်ခိုင်းပါတယ်။ သားလေးက ဘာပြောလဲဆိုရင် မလုပ်ချင်ဘူး။ ပင်ပန်းတယ်တဲ့ အဲဒီလိုပြောတော့ ဒေါ်ချောဘာလုပ်ရမလဲ၊ ရိုက်ရမှာလား၊ အိမ်ပေါ်က နှင်ချရမလား၊ ဒီအရွယ်ဆိုတာ ရိုက်ရမယ့်အရွယ်မဟုတ်သလို၊ အိမ်က နှင်ချလိုက်ရင်လည်း လမ်းပေါ်မှာ တစ်လည်လည်နဲ့ ဒုက္ခရောက်မှာ စိုးရိမ်တဲ့အတွက် ဒီအတိုင်းဘဲ ဒေါ်ချောလက်လျှော့ခဲ့ရပါတယ်။ အဲဒီနောက်မှာလည်း အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး ဘာမှ မပြောခဲ့တာ။ ခုချိန်ထိပဲ အစ်မရေ။

ဒေါ်ချော အသက်ကြီးပြီ အခုလို အလုပ်တွေ လုပ်နိုင်နေသေးတာ စိတ်ဆောင်နေလို့ပါ။ တစ်ကယ်လို့သာ စိတ်ဓာတ်တွေကျချည့်ပါလား။ ဒေါ်ချောအလုပ်တွေ လုပ်နိုင်မှာမဟုတ်ပါ။ ဟုတ်ပါပြီ။ ထားပါတော့ အဲဒီစိတ်ကတော့ ဘယ်အချိန်ထိ ဆောင်နိုင်မှာလဲ။ ကဲ စိတ်က ဆောင်နိုင်တယ်ပဲထားပါဦး။ ခန္ဓာကိုယ်ကြီးက စိတ်နောက်ကို ဘယ်အချိန်ထိလိုက်နိုင်မှာတဲ့လဲ။ အမြဲတမ်းလိုက်နိုင်မှာတဲ့လား။ဒီမေးခွန်းကောင်းပါတယ်။ ဟုတ်ပါတယ်။ အခုဆို စိတ်နောက်ကို ခန္ဓာကိုယ်ကြီး မလိုက်နိုင်တော့တဲ့အတွက် ဒေါ်ချောအိပ်ရာထဲလဲကျသွားပါပြီ။ ဒေါ်ချောက အခုလိုနေမကောင်းဖြစ်တော့ အမေဖြစ်သူက စိတ်ပူရှာတာပေါ့။

'ဟဲ မိချော ဒီအတိုင်းချည်းမနေနဲ့လေ။ ဆေးထိုးဆေးစားလုပ်ဦးမှပေါ့။ တော်ကြာရောဂါက ရှည်သွားလိမ့်မယ် 'ဒါနဲ့ ညည်းသားကော ထုံးစံအတိုင်းပေါ့ အစ်မရယ်'

'ကြည့်စမ်း ဒီကလေး မအေ နေမကောင်းတာတောင် အနားမရှိဘူး'

'သူက ကလေးရှိသေးတာပဲ အစ်မရယ် ဘာသိမှာလဲ ကျူပ်နေကောင်းပါတယ်'

'အေး ပြောလိုက်ရင်သားဘက်က ကာဆီးကာဆီးနဲ့ ဒီလိုတွေကြောင့် ညည်းသားပျက်စီးနေတာ'

အစ်မပြောတာ မှန်ပါတယ်။ မိခင်ဖြစ်သူ အိပ်ရာထဲလဲနေတာ။ သုံးလေးရက်လောက်ရှိနေပြီ။ ဒါတောင် အနားမရှိဘူး။ အမေနေကောင်းရဲ့လား။ ဘယ်လိုနေသေးလဲ။ သားဘာလုပ်ပေးရဦးမှာလဲ။ တစ်ခွန်းမေးဖော်မရဘူး။ အချိန်တန် အိမ်ပြန်လာရင် မုန့်ဖိုးတောင်းပြီး ပြန်ထွက်သွားတာပါပဲ။ တကယ့်ကို သိတတ်မှုမရှိတဲ့သားပါ။ အမေကတော့ သားလေးသားလေးနဲ့ ပါးစပ်ဖျားက မချဘူး။ ချစ်လိုက်ရတာ။ သားဖြစ်သူကတော့ နေစိမ့်လိုက်ပုံများ အနားကိုမရှိဘူး။ သူ့ထုံးစံအတိုင်း အပြင်ထွက်တယ်။ လက်ဖက်ရည်ဆိုင်ထိုင်တယ်။ အချိန်ဖြုန်းတယ်။ ပျော်တယ်၊ ဒါအလုပ်ပဲ။ အမေဘာဖြစ်နေနေ သူနဲ့မဆိုင်သလိုပါပဲ။

ဒေါ်ချောအိပ်ရာထဲလဲပြီဆိုကတည်းက အစာမဝင်တော့ပါ။ ရင်ပူတယ်။ အာခေါင်ခြောက်တယ်ဆိုပြီး ရေလောက်ပဲသောက်နေသူပါ။ ခက်တာက ဒေါ်ချောက ဆေးထိုး၊ ဆေးစားရမှာ ကြောက်တတ်သူပါ။ သူ့ဒီအသက်အရွယ်သာ ရောက်လာတယ်။ ဆေးခန်းတစ်ခေါက်မှ မရောက်ဘူးသလို ဆေးလည်း မထိုးဘူးပါ။ သူနေထိုင်မကောင်းရင် ဆေးမြီးတိုနဲ့ ကုပြီး သက်သာလာခဲ့ခြင်းသာ ဖြစ်ပါတယ်။ အခုလည်း အိမ်နီးနားချင်းတွေက လာမေးရင် ဆေးထိုးဖို့ ပြောကြလည်း ဒေါ်ချောကတော့ ငြင်းမြဲငြင်းလျက်ပါပဲ။ ဒါကြောင့် သူ့ရောဂါက တစ်နေ့တစ်ခြား ဆိုးရွားလာပြီ။ ပြောရရင် နောက်ဆုံးတော့ ဒေါ်ချောဟာ သူချစ်တဲ့ သားလေးနာမည်ခေါ်ရင်း ကွယ်လွန်သွားရှာပါတယ်။ ဒီအချိန်ထိ သားဖြစ်သူက အနားမှာ မရှိပါ။ ဒေါ်ချက်ကတော့ သူ့ညီမအတွက် ရင်ထုမနာဖြစ်ပြီး အော်ဟစ်ငိုနေရှာပါတယ်။ ခဏလောက်ကြာမှ တစ်ယောက်ယောက်က ပြောလိုက်ပုံရပါတယ်။ သားဖြစ်သူ ထူးချွန်အပြေးအလွှား ရောက်ချလာပါတယ်။

'အမေ ဘာဖြစ်လို့လဲ ကြီးတော်'

'အေး မင်းအမေ ဘာမှမဖြစ်ဘူး သေပြီ သေပြီ'

'အမေသေပြီ ဟုတ်လား'

ဟုတ်တယ် ဟုတ်တယ် အမေလဲနေတုန်းကလည်း အနားမရှိဘူး။ သေတော့လည်း အနားမရှိဘူး။ မိုက်လိုက်တဲ့ လူမိုက် နင့်လိုကောင်မျိုး မွေးရတာ မွေးရကျိုးမနပ်လိုက်လေ။ နင့်အဖေ ငြေလည်း နင့်ကို လုပ်ကျွေးရင်း သေရတာပဲ။ ငါ့ညီမ မိချောလည်း နင့်ကို လုပ်ကျွေးရင်းသေရတာပဲ။ ဟဲ့ကောင် မင်းဒါတွေ သိရဲ့လားဟင်'

ဒေါ်ချက်ခဗျာ ငိုလို့မဆုံး ပြောလို့မဆုံး သူ့ရင်ဘတ်ကို တစ်ဘုံးဘုံး ထုနေရှာပါတယ်'

'ငြေနဲ့ မိချောရေ ဒီလိုကောင်မျိုးအတွက်နဲ့ နင်တို့သေရတာ မတန်ဘူးဟော့။ ရင်နာတယ်။ မိဘနှစ်ပါးကတော့ သားလေးတစ်ယောက်ဆိုပြီး ချစ်လိုက်ကြရတာ အသေခံပြီး လုပ်ကျွေးသွားကြတယ်။ မင်းကကော မိဘနှစ်ပါးအတွက် ဘာတစ်ခု လုပ်ပေးဖူးလဲ ပြောစမ်းပြောစမ်း။

အဒေါ်ကြီးဖြစ်သူက ထူးချွန်နဲ့ ပခုံးနှစ်ဖက်ကို ကိုင်လှုပ်ပြီး မေးနေပေမယ့်။ ထူးချွန်မဖြေနိုင်ပါ။ ဘာလို့လဲဆိုရင် အဒေါ်ကြီးပြောတာတွေ မှန်နေလို့ပါ။ အမေအိပ်ရာထဲ လဲနေတုန်းက

'သားလေးအမေ့ကို ရေတစ်ခွက်လောက် တိုက်စမ်းပါကွယ် အမေ မောနေလို့ပါ။'

နောက်တစ်ခါ

'လူလေး အမေခြေသလုံးတွေ ကိုက်ခဲနေလို့ပါ နှိပ်ပေးစမ်းပါ'

အမေ အဲဒီလို ခိုင်းခဲ့ပေမယ့် ထူးချွန်မကြားချင်ယောင်၊ မသိချင်ယောင်ဆောင်ပြီး ဘာတစ်ခုမှ မလုပ်ပေးခဲ့ပါ။ ညညဆိုလည်း အမေ ဝေဒနာတွေ ပြင်းပြင်းထန်ထန်ခံစားနေလို့ ညည်းညူနေလည်း ထူးချွန်အမေ့နား မသွားခဲ့ပါ။ နားညည်းတယ်ဆိုပြီး။ နားနှစ်ဖက်ပိတ်၊ စောင်ခြုံအိပ်ခဲ့သေးတာပဲ။ သူကသာ အမေ့အတွက် ဘာတစ်ခုမှ မလုပ်ပေးခဲ့ပေမယ့်။ အမေဖြစ်သူကတော့ သူမွေးစကနေ ဒီနေ့သေသွားတဲ့ အချိန်ထိ လုပ်ကိုင်ကျွေးမွေးသွားပါတယ်။' တစ်ဆက်တည်း ထူးချွန်ရဲ့မျက်စိထဲမှာ သူငယ်ငယ်က ကျောင်းနေတုန်းက ထမင်းခွံ့ကျွေးခဲ့ပုံတွေ ကျောပိုးပြီး ခေါ်ခဲ့ပုံတွေ၊ လိုချင်တာမှန်သမျှ မငြိုမငြင် ဝယ်ပေးခဲ့ပုံတွေကို တစ်ရိပ်ရိပ် မြင်ယောင်လာပါတယ်။

အခုတော့ သူ့မှာ ရွှေတောင်ကြီးနဲ့တူတဲ့ အဖေလည်းမရှိတော့၊ သူသွားလေရာ နေမကျ၊ မိုးမခရလေအောင် ထီးရိပ်ပမာ လိုက်ပါမိုးပေးနေတဲ့ အမေမေတ္တာရိပ်လည်း ကွယ်ခဲ့ရပြီး ဒီတော့ လောကကြီးထဲမှာ သူတစ်ယောက်တည်းသာ ရှိပါတော့တယ်။ ဒီတော့ ထူးချွန်ဘာလုပ်မလဲ။ ဘယ်သွားမလဲ။ ကိုယ့်အလှည့်ကျ မနွဲ့စတမ်းပေါ့။ ဘဝလမ်းကို လျှောက်လှမ်းရတော့မှာပေါ့။ အမေရှိစဉ်တုန်းကတော့ ကြမ်းတမ်းခက်ထန်လှတဲ့ ဘဝလမ်းကြီးကို ပြောင်းပြန်ပြု အမေရဲ့မေတ္တာစေတနာတွေနဲ့ ချောမွေ့အောင် ဖန်တီးထားတဲ့လမ်းပေါ်ပဲ လျှောက်ခဲ့ရလို့ ဘဝရဲ့အဓိပ္ပာယ်ကို နားမလည်ခဲ့ပါ။ အခုတော့ နားလည်တော့မှာပါ။ အမေရှိစဉ်တုန်းကတော့ ပင်ပန်းကြီးစွာ ရှာဖွေပြီး ချွေးနဲ့ သွေးနဲ့ ရင်းချက်ထားတဲ့ ထမင်းနဲ့ဟင်းကို အမြိန့်သားဇိမ်နဲ့ထိုင်စားခဲ့ရတော့ ထမင်းနဲ့ဟင်းတန်ဖိုးကို မသိခဲ့ပါ။ အခုတော့ သိရတော့မှာပါ။ပြောရရင် ကြမ်းတမ်းခက်ထန်တဲ့ ဘဝလမ်းမကြီးပေါ် တစ်ယောက်တည်း လျှောက်လှမ်းရတဲ့အခါမှ အမေ့မေတ္တာ၊ အမေ့စေတနာ၊ အမေ့ကျေးဇူး တွေပိုသိ၊ ပိုပြီးနားလည်လာမှာပါ။ အဲဒီအခါကျမှ အမေ့ကို ကျေးဇူးတင်၊ အမေ့ကျေးဇူးဆပ်ချင်ပါတယ်။ ပြောလည်း အမေ မရှိတော့။ အမေရှိစဉ်တုန်းက လုပ်ကျွေးပြုစုလိုက်ရရင်ကောင်းမှာပဲဆိုတဲ့ အသိက အခုမှ ရှိနေလေတော့ အားလုံးဟာ နောက်ကျသွားခဲ့ပြီ မဟုတ်ပါလား။ ထူးချွန်မှာ အမေနဲ့ပတ်သက်တဲ့ နောက်ကျအသိတွေကြောင့် နောင်တတွေ တမြေ့မြေ့ခံစားနေရရှာပါတော့တယ်။

## အောင်လံမြို့၊ မြတမာလမ်းအား လမ်းခင်းနေမှု စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ကွင်းဆင်းစစ်ဆေး

**အောင်လံ ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ဇေယျဝတီရပ်ကွက်၊ သာသနာပြုဘုန်းတော်ကြီးကျောင်းအနောက်ဘက်၊ နွယ်သာလီလမ်း(၆၀၀'× ၁၂'× ၈")ကွန်ကရစ်လမ်းခင်းနေမှုနှင့် ဇေယျဝတီရပ်ကွက် မြတမာလမ်း ၁၁၃၅'× ၁၆'× ၈")ကွန်ကရစ်လမ်းခင်းနေမှုအား ယမန်နေ့က အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများ၊ အင်ဂျင်နီယာမှူးတို့က ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ယာပုံ)အာကာ(ပြန်/ဆက်)**



## အမရပူရမြို့နယ်ပညာရေးဝန်ထမ်းများက အငြိမ်းစား ဆရာ၊ ဆရာမများအား ထောက်ပံ့



**မန္တလေး ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် အငြိမ်းစားပညာရေးဝန်ထမ်းများ လူမှုကူညီရေး အသင်းမှ အမရပူရမြို့နယ်အတွင်း တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားပညာရေးဝန်ထမ်းများအား ပင်စင်ခံစားခြင်း၊ နာမကျန်း၊ ဆေးရုံတက်၊ သေဆုံးခြင်းများအား ထောက်ပံ့ပေးလျက်ရှိရာ ဩဂုတ် ၉ ရက် ဇူလိုင်လအတွင်း သက်ပြည့်ပင်စင်ခံစားသော လက်ထောက်မြို့နယ်ပညာရေးမှူး ဦးတင့်လွင်၊ သက်ပြည့်ပင်စင်ခံစားသော မြစ်ငယ် အ.ထ.ကမှ အလယ်တန်းပြ ဒေါ်ဖြူဖြူနှင့် နာမကျန်းပင်စင် ခံစားသော အ.ထ.က ယန္တရားမှ အလယ်တန်းပြ ဒေါ်တင်တင်အေးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၀၀၄၀၀၀ စီကို အမရပူရမြို့နယ် အငြိမ်းစားပညာရေးဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း အလုပ်အမှုဆောင်များက အသင်းရုံးတည်ရှိရာကျောင်းရုံးတွင် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၀၄၅)**

## ကျောင်းကျန်းမာရေးသီတင်းပတ် ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပ

**သရက် ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ကျောင်းကျန်းမာရေးဌာနမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ် ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက သီရိမင်္ဂလာအခြေခံပညာအလယ်တန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ကျောင်းကျန်းမာရေး သီတင်းပတ် လုပ်ငန်းများဆောင်ရွက်ရာတွင် ကျောင်းကျန်းမာရေး အရာရှိ ဒေါ်စန်းစန်းသင်းက ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ စာသင်ကြားနိုင်ရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး လက်ဆေးခြင်း၊ သွားနှင့်ခံတွင်း ကျန်းမာရေး၊ နည်းစနစ်မှန်သွားတိုက်ခြင်း၊ သန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲရန်ပြောကြားပေးခဲ့ပြီး ဦးအောင်ဝင်း ကျန်းမာရေးမှူး အဆင့်(၁)က မိုးတွင်းကာလ ကလေးငယ်များတွင်ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနည်းလမ်းများအကြောင်းကို ပြောကြားခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား တစ်ကိုယ်ရေ သန့်ရှင်းရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပြီး တစ်ဦးချင်း ကျောင်းကျန်းမာရေးမှတ်တမ်းကတ်များ ရေးသွင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ယာပုံ)**

**ဇော်ထက်(သရက်)**






## စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ခန္တီး ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၌ စာပေချစ်မြတ်နိုးသူ (Book Club)အဖွဲ့ဝင်များနှင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်သန်းထိုက်အောင်က အတွေးအခေါ်မြင့်မားလာပြီး ထူးချွန်ထက်မြက်သည့် လူငယ်များဖြစ်လာစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စာဖတ်ဝိုင်းဆွေးနွေးပွဲကို စာရေးဆရာ လယ်တွင်းသားစောချစ်၏ 'ပန်းလိုချင် အပင်ကိုပျိုးတတ်မှ' စာအုပ်ဖြင့်ဆွေးနွေးရာ အ.ထ.က(ခွဲ) မြို့မမှ မအေးအေးသင်းက 'ကလေးနှင့်ပတ်ဝန်းကျင်၊ အလိုလိုက်အမိုက်စော်ကား' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အ.ထ.က(ခန္တီး)မှ မခွန်းရေကဗျာက 'ကလေးနှင့်ပညာရေး၊ မြို့ပတ်ရထားပေါ်မှ ဆရာမ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အ.ထ.က(ခန္တီး)မှ မောင်ဘုန်းခန့်ကျော်က 'မြေစာပင်ကလေးများ၊ ကလေးနှင့်အနုပညာကိုခံစားခြင်း' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အ.ထ.က(ခွဲ)မြို့မမှ မောင်ရန်မင်းလင်းက 'ကောင်းဆိုးနှစ်ဖြာလှကညာ၊ အထိန်းမတတ် ဖိန်းဇတ်ဇတ်' ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြပြီး လိုအပ်သည်များကို ဦးစီးအရာရှိက ဖြည့်စွက်ဆွေးနွေးခဲ့သည်။

အဆိုပါ စာဖတ်ဝိုင်းဆွေးနွေးပွဲသို့ Book Club အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၄၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## အိုးပုတ်ပွဲတော် ဆင်နွဲပျော်

* မန္တလေးမြို့တော် မြောက်ဘက်စွန်းမယ်ပ
တစ်မူထွန်း ပွဲတော်ပါ။
တွေးထင်စရာ
ရှေးအစဉ်လာ ဘယ်မပျက်
ကျင်းပလျက်သာ။
ဝါခေါင်လဆန်း ရှစ်ရက်မှာ
ခင်ကျင်းစွာ ရွှင်ပျော်ရ။
နှစ်ရှည်ကြာ
မြစ်ရေကာ တာပေါင်ရိုးမယ်
တိုးဝှေ့ဝယ်ကြ။

* အညာဒေသလက်ရာ အလှရယ်နဲ့
ရုပ်လုံးကြွ မြေထည်ပေ။
အောင်လုံးနွဲ့ဖြာ
တောင်ပြုံးပွဲလာ တစ်ထောက်နား
အားပေးကြစေ။
အိုးပုတ် ချိုးရုပ် ကြွေထည်တွေ
စုံစွာလေ ဝယ်ကာသွား။
အဖိုးဖြာမွေ့လျော်
ရိုးရာဓလေ့နော် အိုးပုတ်ပွဲရယ်မို့
ဆင်နွဲပျော်ပါး။

* ကြွေ မြေထည်ပစ္စည်းများရယ်က
အိမ်တွင်းထား ကျက်သရေဆင်။
အတွေးထားပျော်
ကလေးများအပေါ် မြေထည်အရုပ်
လွှမ်းချုပ်ဆွဲငင်။
ကျွန်တော့်ဇာတိ မွေးရပ်အစဉ်
တမ်းတမြင် သတိရပေ့။
နွယ်တမျှသွယ်
ငယ်ဘဝဝယ် ပွဲတော်တွင်းမှာလ
ခင်းကျင်းပျော်မွေ့။ ။

**မင်းမြတ်မိုး(မန်းမြေ)**



# မန္တလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အငွေ့မအကြိမ် ဝါဆိုမြတ်သင်္ကန်း အောင်ပွဲဆီသို့လှမ်း

မောင်ပြည်သူ

မန္တလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၏ ၂၀၂၄ ခုနှစ် အငွေ့မအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲသည်ကား စည်ကား သိုက်မြိုက်စွာ အောင်မြင်ပြီးစီးသွားခဲ့ပြီ ဖြစ်သည်။ ထူးခြားသည်မှာ ပြည့်စုံမွန်မြတ်လှသော ဝါဆိုလတွင် မန္တလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများက အစဉ်အလာမပျက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ခဲ့ကြသည်မှာ အငွေ့မအကြိမ်သို့ပင် ပြီးမြောက် အောင်မြင်ခဲ့လေပြီ။



မန္တလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်းပါဝင်လှူဒါန်းကြသည့် အမှတ်တရ ကုသိုလ်စိတ်များကို မှတ်တမ်းတင်ဖော်ပြရလျှင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် ဝါဆိုကြမည့် သံဃာတော်အရှင်သူမြတ် ၃၇၈ ပါးနှင့် မန္တလေးတက္ကသိုလ်တက်ရောက်၍ လောကီစာပေသင်ယူခဲ့ရာက ရဟန်းဘဝ ခံယူပြီးလျှင် လောကုတ္တရာအကျိုး သယ်ပိုးဆောင်ရွက်နေကြသည့် မန္တလေးတက္ကသိုလ် ကျောင်းသားဟောင်း ရဟန်းပညာရှိ ၅၉ ပါးတို့အား ပင့်ဖိတ်ပူဇော်ကြကာ အရုဏ်ဆွမ်း၊ နေ့ဆွမ်းအပြင် လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် လှူဒါန်းခဲ့ကြသည်။

အငွေ့မအကြိမ် ဝါဆိုပွဲတွင် လှူဒါန်းကြသည့် အလှူရှင် စုစုပေါင်း ငွေအလှူရှင် ၅၃၀ ဦး၊ သီးခြားအလှူရှင် ၂၅ ဦးတို့မှ လှူဒါန်းငွေကျပ် ၃၄,၆၀၅,၀၀၀/- နှင့် အရုဏ်ဆွမ်း၊ ယပ်တောင်၊ သင်္ကန်း၊ ရေသန့်၊ ဘုရားပန်း၊ အချို့ပွဲ လှူဒါန်းမှုများကိုလည်း သာဓုခေါ်ဖွယ် တွေ့ရပါသည်။

စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲမှစ၍ နှစ်စဉ် ပိုငွေများကို ဇရာဝတီဘဏ်တွင် သီးခြားအပ်နှံစုဆောင်းထားရာ ယခုအငွေ့မအကြိမ်မြောက် ပိုငွေအပ်နှံပြီး စုစုပေါင်း ငွေကျပ် ၂၇၂၁၅၃၉၄၈၀ အပ်နှံထားပြီးဖြစ်သည့်အပြင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မန္တလေးသို့ ဆွမ်းပဒေသာပင် ငွေကျပ် ၁၀ သိန်း ထပ်မံစိုက်ထူနိုင်ခဲ့သည်။ ရှေးလာမည့် နဝမအကြိမ်၊ ဒသမအကြိမ်များတွင်လည်း ယခုထက်ပိုမို စွမ်းဆောင်အောင်မြင်အောင် ဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်မိပါသည်။

ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေသို့ ထွန်းသည့်ကာလပတ်လုံး နာယကဆရာကြီး၊ ဆရာမကြီးများ၏ ဦးဆောင်လမ်းညွှန်မှုနှင့် မျိုးဆက်သစ်အဆင့်ဆင့်တို့က လက်ဆင့်ကမ်းတာဝန်ယူပြီး မန္တလေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အလှူရှင်များ ဘဏ္ဍာငွေရှာကြံရေးအဖွဲ့များ၏ လုံ့လဝီရိယဖြင့် ကြိုးစားအားထုတ်မှုများ၊ ရရှိလာသည့် ဘဏ္ဍာငွေများ လေလွင့်မှုမရှိရလေအောင် တိကျစွာ ကိုင်တွယ်ပေးကြသည့် ကော်မတီဝင် ကျောင်းသားဟောင်းများ စုပေါင်းအားဖြင့် အငွေ့မအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ စည်ကား သိုက်မြိုက်စွာ အောင်မြင်ခဲ့ကြ၍ ဝါဆိုသင်္ကန်းကပ်လှူမှုအစုစုတို့၏ ကုသိုလ်ကောင်းမှုအကျိုးဖြစ်သော အဝတ်အထည်အတွက် ကြောင့်ကြရမှုကင်းခြင်း၊ ရုပ်ဆင်းအင်္ဂါလှပတင့်တယ်ခြင်း၊ ကိုယ်အရောင်အဝါထွန်းလင်းခြင်း၊ အသားအရေနူးညံ့ချောမွေ့ခြင်း၊ ခန္ဓာအညစ်ကြေးကင်းခြင်း၊ တောင့်တရုံဖြင့် အဝတ်အထည်ရရှိခြင်း၊ သံသရာ၌ ဘုရားရှင်ကို ဖူးမြော်ခွင့်ရခဲ့လျှင် (ဧဟိဘိက္ခု)ခေါ်ကာ မျှဖြင့် ရဟန်းဖြစ်ခွင့်ရခြင်းများ ခံစားကြရပါစေကြောင်း မေတ္တာပို့အပ်ပါသည်။

# သစ္စာတရားခိုင်မြဲမှု၏သင်္ကေတ အောက်ချင်းငှက်နှင့် မျိုးသုဉ်းမှုအန္တရာယ်

အရေးကြီးသည့် ငှက်မျိုးစိတ်များနှင့် အခြားဇီဝမျိုးစုံမျိုးကွဲများ နေထိုင်ကျက်စားရာ နေရာဒေသ(Important Bird Area-IBA)ဆိုသည်မှာ ကမ္ဘာလုံးဆိုင်ရာခြိမ်းခြောက်မှုအန္တရာယ်နှင့် မျိုးသုဉ်းမှုအန္တရာယ်တို့နှင့် ရင်ဆိုင်ကြုံတွေ့နေရသော ငှက်မျိုးစိတ်များနှင့် အခြားဇီဝမျိုးစုံမျိုးကွဲများနေထိုင်ကျက်စားကြပြီး စနစ်တကျထိန်းသိမ်းရန် လွန်စွာအရေးကြီးသည့်နေရာများဖြစ်ပါသည်။

အောက်ချင်းငှက်သည် မြန်မာနိုင်ငံတွင် ရှားပါးစွာတွေ့ရသော တောရိုင်းတိရစ္ဆာန်များထဲတွင်ပါဝင်ပြီး မြန်မာနိုင်ငံအတွင်း အမြဲနေထိုင်လေ့ရှိသော ငှက်အမျိုးအစားလည်း ဖြစ်သည်။ ကမ္ဘာပေါ်၌ အောက်ချင်းငှက်များတွေ့ရှိနိုင်သော နေရာဒေသများမှာ အာဖရိက၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံအနောက်တောင်ပိုင်း၊ နီပေါ၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ထိုင်းနိုင်ငံအနောက်ပိုင်း၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားနှင့် မလေးရှားနိုင်ငံတို့တွင်လည်း တွေ့ရှိရသည်။ ယင်းအား မြန်မာနိုင်ငံ၏ ကွင်းပြင်နှင့် တောင်ခြေများတွင် တွေ့ရှိနိုင်ပြီး အများအားဖြင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးရိုးမတောင်တန်းများနှင့် သစ်တောများ၌ တွေ့ရှိနိုင်ပါသည်။

အောက်ချင်းငှက်သည် မျိုးစိတ်ပေါင်း ၁၅ မျိုးခန့်ရှိပြီး မြန်မာနိုင်ငံတွင် အောက်ချင်းငှက်မျိုးစိတ်ပေါင်း ၁၀ မျိုးရှိကာ ယင်းအောက်ချင်းငှက်မျိုးစိတ်များမှာ - အောက်ချင်း၊ အောက်ချင်းလည်နီ၊ လည်ဖြူအောက်ချင်းညို၊ အောက်ချင်းညို၊ အောက်ချင်းမျက်ကွင်းဖြူ၊ အောက်ချင်းခေါင်းဖြူ၊ အောင်လောင်၊ အောက်ချင်းလည်ဝါ၊ ဂေါရင်၊ အောက်ချင်းမြီးရှည်တို့ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် အောက်ချင်းငှက်၊ အောင်လောင်ငှက်နှင့် အောက်ချင်းမြီးရှည်ငှက်အမျိုးအစား အများဆုံးနေထိုင်ကျက်စားနေသည်ကိုတွေ့ရသည်။ အောက်ချင်းငှက်များသည် ချင်းပြည်နယ်အတွင်း နေထိုင်ကျက်စားကြပြီး အောက်ချင်းမြီးရှည်ငှက်များကို တနင်္သာရီတိုင်းတွင် အများဆုံးတွေ့ရကာ ယင်းမျိုးစိတ်မှာ မျိုးသုဉ်းပျောက်ကွယ်တော့မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် မျိုးစိတ်လည်းဖြစ်ပါသည်။ အောင်လောင်ငှက်ကိုမူ မြန်မာပြည်နေရာအချို့နှင့် ချင်းပြည်နယ်တို့တွင် အောက်ချင်းငှက်ဟုခေါ်ဆိုပြီး အခြားနေရာများတွင် အောင်လောင်ငှက်ဟု ခေါ်ဆိုကြသည်။



အောက်ချင်းငှက်များသည် ဆောင်းအကုန်နွေအကူး ဇန်နဝါရီလမှ ဧပြီလအတွင်း ဥဥလေ့ရှိတတ်ကြပြီး တစ်ကြိမ်ကို တစ်လုံးမှသုံးလုံးအထိ ဥတတ်ကြသည်။ ဥဝပ်ချိန်သည် တစ်လခွဲမျှကြာမြင့်လေ့ရှိပြီး ၃၈ ရက်မှ ရက် ၄၀ အတွင်း သားပေါက်ကြသည်။ သားပေါက်သည့်အချိန်တွင် အမနှင့်သားပေါက်လေးသည် ပိတ်ထားသည့်အသိုက်ပေါက်ကိုဖောက်၍ အောက်ချင်းငှက် အထီးဆီမှ အစာရရှိစေရန် ထပ်ခါထပ်ခါအော်မြည်ကြသည်။ အောက်ချင်းငှက်အထီးသည် ငါးလလောက်အထိ အမနှင့်သားငယ်ကို အစာကျွေးသည့်အပေါက်မှ အစာများကို အန်ကျွေးသည်။ သားပေါက်သောအခါ ဥဝပ်သည့်သစ်ပင်ကြီး၏ အမြင့်ဆုံးထိပ်ဖျားမှာ အသိုက်လုပ်၍နေလေ့ရှိကြသည်။ အောက်ချင်းငှက်များ၏ ချစ်ခြင်းမေတ္တာတရားကြီးမားမှုနှင့် သစ္စာရှိမှုတို့သည် လွန်စွာလေးစားဖွယ်ကောင်းသော်လည်း ငှက်အထီးဖြစ်စေ၊ ငှက်အမဖြစ်စေ အသက်ဘေးအန္တရာယ်ကြုံတွေ့နေရသည်ကို တွေ့ရှိပါက လိုက်လံသေဆုံးလေ့ရှိသည်မှာ ရင်နင့်စရာကောင်းလှပါသည်။

အောက်ချင်းငှက်သည် မြန်မာနိုင်ငံ၏ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များစာရင်းတွင်ပါဝင်ပြီး အောက်ချင်းငှက်များ သားပေါက်ရာဒေသတစ်ခုဖြစ်သည့် ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်အတွင်းရှိ ဧရိယာ ၁၂၃၄၄ ဒသမ ၈ ဧကကို မီအေပီတောင်အမျိုးသားဥယျာဉ်အဖြစ် ၂၀၁၂ ခုနှစ်၊ မတ် ၁၀ ရက်မှစတင်၍လည်းကောင်း၊ ဖလမ်းမြို့နယ်အတွင်းရှိ ဧရိယာ ၉၉၈၄ ဒသမ ၂၈ ဧကကို ဖိန်မူတောင်အမျိုးသားဥယျာဉ်အဖြစ် ၂၀၁၂ ခုနှစ်၊ မတ် ၁၁ ရက်မှစတင်၍လည်းကောင်း၊ ထန်တလန်မြို့နယ်အတွင်းရှိ ဧရိယာ ၆၈၀၄ ဒသမ ၅၀ ဧကကို ကျီရီးယန်းတောင်အမျိုးသားဥယျာဉ်အဖြစ် ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၈ ရက်မှစတင်၍လည်းကောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အသီးသီးသတ်မှတ်ထုတ်ပြန်ခဲ့ပါသည်။

ရှားပါးမျိုးစိတ်နှင့် မျိုးသုဉ်းရန် အန္တရာယ်နှင့် ရင်ဆိုင်နေရသော နို့တိုက်သတ္တဝါများနှင့် ငှက်မျိုးစိတ်များဖြစ်သည့် အောက်ချင်း၊ အောင်လောင်၊ မျက်ခုံးဖြူငှက်ပြာခြောက်၊ ဇာမဏီငှက်၊ မြန်မာတစ်ငှက်များ၊ အပင်မျိုးစိတ်များ၊ သစ်ခွမျိုးစိတ်များ တည်ရှိရာဒေသတစ်ခုဖြစ်သော ချင်းပြည်နယ်တောင်ပိုင်း၊ မင်းတပ်၊ ကန်ပက်လက်နှင့် မတူပီမြို့နယ်များအတွင်း တည်ရှိသည့် ဝိတိုရိယ(ခေါ်)ခေါ်နူးစုမ်(ခေါ်)နတ်မတောင်(အကျယ်အဝန်း ၁၇၆၂၀၂ ဧက) ကို ၁၉၆၃ခုနှစ်တွင် ဘောလီမိုးကြိုးဝိုင်းအဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် Important Bird Area (IBA) အဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် အမျိုးသားဥယျာဉ်အဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် အာဆီယံအမွေအနှစ်အဖြစ်လည်းကောင်း အဆင့်ဆင့်တိုးမြှင့်သတ်မှတ်ခဲ့ကြသည်။



အလားတူ ၂၀၁၉ ခုနှစ်တွင် သစ်တောဦးစီးဌာန၏လမ်းညွှန်မှုဖြင့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်းက ဦးဆောင်၍ အောက်ချင်းမြီးရှည်ငှက်ထိန်းသိမ်းရေးစီမံကိန်းလုပ်ငန်းများအတွက် သုတေသနပြုဆောင်ရွက်ရာ တနင်္သာရီတိုင်းဒေသကြီး တောင်ဘက်ပိုင်းရှိ သစ်တောကြိုးဝိုင်းများသည် အောက်ချင်းမြီးရှည်ငှက်နေထိုင်ကျက်စားရာ အဓိကနေရာများအဖြစ် လေ့လာတွေ့ရှိခဲ့ကြသည်။

ချင်းပြည်နယ်၏အထိမ်းအမှတ် အောက်ချင်းငှက်များ မျိုးသုဉ်းပျောက်ကွယ်လာရခြင်းအကြောင်းရင်းမှာ ဒေသတွင်းရှိ ငှက်မုဆိုးများ၏ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရောင်းချခြင်း၊ သစ်တောများ ပျက်စီးပြုန်းတီးလာမှုနှင့် ဒေသအလိုက် သဘာဝသားကောင်များ၊ သဘာဝသစ်တောများကို ထိန်းသိမ်းမှုအားနည်းခြင်းတို့ကြောင့် ဖြစ်သည်။ ထို့ကြောင့် အောက်ချင်းငှက်အား ထိန်းသိမ်းစောင့်ရှောက်ရာတွင် ဒေသခံပြည်သူများအားလုံး လက်တွဲညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ အောက်ချင်းငှက်များ လွတ်လပ်စွာရှင်သန်ခွင့်ရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြပေးလိုက်ရပါသည်။

ဆလိုင်းကိုကီး(M.A)

# စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးဆွေးနွေး

**ဇမ္ဗူသီရိ ဩဂုတ် ၁၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသိဒ္ဓိရပ်ကွက်၊ ကမ်းလက်များစာကြည့်တိုက်၌ စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်းက ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်များ ရေရှည်ရှင်သန် ဖွံ့ဖြိုးရေး၊ ကျေးလက်နေပြည်သူများ အသိပညာတိုးပွားရေးအတွက် ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဇမ္ဗူသီရိမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်နီလာစိုးက စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့်အချက်များအား ရှင်းလင်းပြောကြားခဲ့သည်။



ယင်းနောက် စာကြည့်တိုက် ကော်မတီဝင်များက စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသီးသီး ဆွေးနွေးတင်ပြခဲ့ကြရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဦးစီးအရာရှိတို့က ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်ရမည့် အချက်များအား ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုင်းယောင်း ဩဂုတ် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ဩဂုတ် ၈ ရက် နံနက်ပိုင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက Smart Village၊ ရေပေးရေး၊ ကုန်ထုတ်လမ်း၊ တံတား၊ မီးလင်းရေးစသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဇော်မင်းဆွေနှင့် မြို့မိမြို့ဖ ဦးစိုင်းအောင်ခမ်းတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက တင်ပြချက်၊ ဆွေးနွေးချက်များနှင့် ပတ်သက်၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၅၀၅)

၀-၀-၀-၀-၀-၀-၀

# ပွင့်ဖြူမြို့နယ် ရွာသာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ရွာသာယာကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဩဂုတ် ၁၁ ရက်၊ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်က ကျေးရွာစီမံကိန်းကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သန်း ၃၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွာသာယာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၉ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၀ ဦးကို ငွေကျပ် ၁၀ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၂ ဦးကို ငွေကျပ် ၀ ဒသမ ၆ သန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၁ ဦးကို ငွေကျပ် သန်း ၃၀ အား စနစ်တကျထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ယာပုံ)(၄၄၅)

# ကျောက်ဆည်မြို့နယ်တွင် ဒေသထွက်ကုန်များ ကုန်စည်စီးဆင်းမှုမြန်ဆန်ရေး အမှတ်(၂) ခရိုင်ချင်းဆက်လမ်းမှ လမ်းပိုင်းတစ်နေရာအား ကတ္တရာထပ်ပိုးလွှာများ ခင်းပေး

**ကျောက်ဆည် ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် လမ်းဦးစီးဌာနမှ မြို့ပြနှင့်ကျေးလက် ကွာဟမှုမရှိစေရေး လမ်း၊ တံတားများအသစ်တည်ဆောက်ပေးခြင်း၊ ပြန်လည်ပြုပြင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဒေသအတွင်းနှင့် အခြားဒေသထွက်ကုန်များ ကုန်စည်စီးဆင်းမှုမြန်ဆန်ရေး အမှတ်(၂)ခရိုင်ချင်းဆက်လမ်းမှ လမ်းပိုင်းတစ်နေရာအား ကတ္တရာထပ်ပိုးလွှာများ ခင်းပေးခဲ့သည်။

ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၂၇ ဒသမ ၇၆၀ သန်းဖြင့် အမှတ်(၂)ခရိုင်ချင်းဆက်လမ်း၏ မိုင်တိုင်အမှတ်(၄၈) ကီလိုမီတာမှ ၄၉ ဒသမ ၄၅ကီလိုမီတာအတွင်းရှိ အရှည် ၁ ဒသမ ၄၅ကီလိုမီတာ၊ အကျယ် ၃ ဒသမ ၆၆ မီတာအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ကျောက်ဆည်မြို့နယ် လမ်းဦးစီးဌာနအနေဖြင့် ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်အတွက် လမ်းများ၊ တံတားများ၊ လူနေထိုင်ရာ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန်၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အချိန်ကုန်သက်သာပြီး ကုန်ကျမှုစရိတ်သက်သာစေရန်နှင့် ဒေသထွက်ကုန်များနှင့် အခြားလူသုံးကုန်ပစ္စည်းများသယ်ယူရာတွင် အချိန်တိုအတွင်းလွယ်ကူမြန်ဆန်စွာ သယ်ယူနိုင်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘဏ္ဍာနှစ်အလိုက် လိုအပ်သည့် ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (အပေါ်ပုံ)



(၄၈၅)



# မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနည်း ကွင်းသရုပ်ပြပွဲ ပြုလုပ်

**ကလေးဝ ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်တွင် ဒေသခံတောင်သူများ သီးနှံအထွက်တိုးစေရန်နှင့် ကုန်ကျစရိတ်သက်သာစေရန် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနည်း ကွင်းသရုပ်ပြပွဲကို တုန်နန်းကျေးရွာ ကွင်းအမှတ် ၄၅ ဦးပိုင် ၁၄ တောင်သူ ဦးမြတ်ဝင်းပိုင် လယ်မြေတွင် ယနေ့ နံနက် ၈ နာရီခွဲ၌ ပြုလုပ်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးနိုင်က ကွင်းသရုပ်ပြပွဲဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် မျိုးစေ့ချကိရိယာကို အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနည်းကို လက်တွေ့ပြသခဲ့ရာ စိတ်ပါဝင်စားသူ ဒေသခံတောင်သူ ၂၃ဦးနှင့် ဝန်ထမ်း ၁၂ ဦး လာရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)မြို့နယ်(ပြန်/ဆက်)

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ။

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်

**တာချီလိတ် ဩဂုတ် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၌ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်သန်းခေါင်စာရင်း အတွင်းရေးမှူးနှင့် သန်းခေါင်စာရင်း ကော်မတီအဖွဲ့ဝင်များ တွေ့ဆုံ၍ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။



အဆိုပါ အစည်းအဝေးတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ဦးတင်ဦးကျော်က မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး သန်းခေါင်စာရင်းလုပ်ငန်း အောင်မြင်စေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရန် အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးကျော်သက်နိုင်က သန်းခေါင်စာရင်းဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ စာရင်းစစ်၊ စာရင်းကောက်ဖွဲ့စည်းထားရှိမှုများ၊ အထူးနည်းပြသင်တန်းတက်ရောက်ရန် စာရင်းစစ် ဆရာ၊ ဆရာမ ရွေးချယ်ထားမှုများ၊ မြို့နယ်သန်းခေါင်စာရင်း သင်တန်းဖွင့်ချိန် သင်တန်းခန်းမပြုလုပ်မည့်နေရာများ၊ လုံခြုံရေးနှင့် သန်းခေါင်စာရင်းအောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် အသေးစိတ်ရှင်းလင်းပြောကြားကာ လိုအပ်သည်များကို ကော်မတီအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး သန်းခေါင်စာရင်းကော်မတီ အဖွဲ့ဝင်များအား သန်းခေါင်စာရင်း အမှတ်တရပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



## ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေး ထောက်ပံ့ငွေနှင့် အာဟာရများ ပေးအပ်

**ကျောက်ဆည် ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းပြီး ယမန်နေ့ နံနက် ၁၀ နာရီက အေးမြကြည်လင်ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆေးခန်းတွင် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ အခမ်းအနားကျင်းပပြီးထောက်ပံ့ငွေ၊ အာဟာရဖြစ် ကြက်ဥ၊ ငှက်ပျောသီး၊ နွားနို့များ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

ရှေးဦးစွာ မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်နှင်းနှင်းသူက ကိုယ်ဝန်ဆောင်အမျိုးသမီးများ ရင်သွေးယူတော့မည်ဆိုပါက လိုက်နာရမည် ကြိုတင်ပြင်ဆင်ထားရမည့် အစားအသောက်အနေအထိုင်များနှင့် ကိုယ်ဝန်ဆောင်နေချိန်၊ ရင်သွေးငယ်မီးဖွားပြီးချိန်ကာလများတွင် ကြုံတွေ့လာနိုင်သည့် ကျန်းမာရေးအကြောင်းများနှင့် ကြိုတင်ကာကွယ်နည်းများအကြောင်း၊ ခင်ပွန်းသည်များအနေဖြင့်လည်း မိမိတို့၏ရင်သွေးငယ်နှင့် အမျိုးသမီးကျန်းမာရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအကြောင်း အသိပညာပေး ဟောပြောခဲ့ပြီး သားဆက်ခြား ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ထို့နောက် ကျောက်ဆည်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်များနှင့် သားဖွားနေသည့် မိခင်လောင်းများအား ထောက်ပံ့ငွေနှင့် အာဟာရဖြစ် ကြက်ဥ၊ ငှက်ပျောသီး၊ နွားနို့များ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၅)

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပလတ်စတစ်ကင်းစင်ရေး စုပေါင်းဆောင်ရွက်

**ညောင်ဦး ဩဂုတ် ၁၁**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေး အပတ်စဉ် ပလတ်စတစ်ကောက်ယူရှင်းလင်းနေလျက်ရှိရာ Bagan Plastic Campaign အဖွဲ့မှ ဦးဆောင်ကာ ပလတ်စတစ်အမှိုက်များ သီးသန့်ကောက်ယူခြင်းကို ဩဂုတ် ၁၀ ရက် နံနက် ၇ နာရီမှစတင်ကာ ပုဂံမြို့ဟောင်း သရပါတံခါးမှ ထီးလိုမင်းလိုဘုရားလမ်း ဘေးဝဲ၊ ယာတစ်လျှောက် ပလတ်စတစ်အမှိုက်များ၊ ဖော့ဘူးခွံများကောက်ယူ သန့်ရှင်းရေး ပြုလုပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်စေရေး Bagan Plastic Campaign အဖွဲ့နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန-ပုဂံဌာနခွဲမှဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနဝန်ထမ်းများနှင့် ညောင်ဦး မြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများမှ ဝန်ထမ်းများ၊ Balloons ဝန်ထမ်းများ၊ ဧည့်လမ်းညွှန်အသင်းမှ အသင်းသား၊ အသင်းသူများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ



အသင်းသား၊ သင်တန်းသူများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ပုဂံဇုန်)မှ ဝန်ထမ်းများသည် ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်း သရပါတံခါးမှ ညောင်ဦးမြို့ သွားရာလမ်းဘေးဝဲ၊ ယာတစ်လျှောက်နှင့် ရေကျော်များအောက် လျှိုမြောင်များအတွင်းမှ ပလတ်စတစ်အမှိုက်များ၊ ဖော့ဘူးခွံများ ကောက်ယူရှင်းလင်းခြင်းအား ထီးလိုမင်းလိုဘုရားအထိ ပလတ်စတစ် ကင်းရှင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

(၄၈၁)

## ဖီးကြမ်းငှက်ပျောများ အရောင်းအဝယ် ကောင်းမွန်ကာ ဈေးနှုန်းကောင်းများ ရရှိနေ

**မန္တလေး ဩဂုတ် ၁၁**

ဖီးကြမ်းငှက်ပျောများ နယ်ပယ်ပေါင်းစုံက ဝယ်ယူမှုရှိလာခြင်းကြောင့် အရောင်းအဝယ် ကောင်းမွန်လာပြီး မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းကောင်းများရရှိလျက်ရှိကြောင်း ငှက်ပျောသီးစိုက်ပျိုးသူများ အစုအဖွဲ့က သိရသည်။

ငှက်ပျောသီးများအား ပွဲတင်ငှက်ပျောခိုင်နှင့် ပုံမှန် ငှက်ပျောခိုင် ခွဲခြားပြီး ဈေးနှုန်းကွာခြားမှုရှိပြီး လက်ရှိတွင် တစ်ဖီးလျှင် လက်ကားဈေးနှုန်း ငွေကျပ် ၃၅၀၀ ဝန်းကျင်အထိ ဈေးနှုန်း



ရရှိနေကြောင်း သိရသည်။


"အခုက နတ်ပွဲကာလဖြစ်တဲ့အတွက် နယ်ပယ်ပေါင်းစုံကနေ ပွဲတင်ငှက်ပျောခိုင်တွေ အမှာရတယ်။ ကျွန်တော်တို့က တော့ပလိပ်မှာ အထိုင်ထားပြီး ရောင်းချတာဖြစ်တယ်။ နယ်ပေါင်းစုံကို ပို့ပေးပါတယ်။ လက်ရှိ ဈေးကွက်အနေအထားအရတော့ ဈေးနှုန်းက ကောင်းမယ့် အခြေအနေရှိတယ်"ဟု ငှက်ပျောသီး စိုက်ပျိုးသူတစ်ဦးက ပြောသည်။

ငှက်ပျောဖီးများအား အများအားဖြင့် ရန်ကုန်၊ မန္တလေး၊ ပဲခူး စသည့်တို့တွင် တင်ပို့ရောင်းချပြီး အဓိက ကျောက်ဆည်မြို့ရှိ ရွှေသိမ်တော်ဘုရားရှိ ကန်တော့ပွဲ ရောင်းချသည့်ဆိုင်များ၊ နတ်ပွဲများ ကျင်းပလေ့ရှိသောနေရာများကို ရောင်းချရမှုများကြောင်း သိရသည်။

ငှက်ပျောအား မေလနှင့် ဇွန်လတို့တွင် စတင်စိုက်ပျိုးပြီး ကိုးလနှင့်ဆယ်လအကြာတွင် ငှက်ပျောဖူးများ စတင်ထွက်ရှိပြီး ရောင်းတန်းဝင် ငှက်ပျောများကို ရရှိကြောင်း၊ စိုက်ပျိုးပြီး တစ်နှစ်ကျော်ကြာမြင့်ပြီးမှ အသီးများကိုရရှိသော်လည်း ငှက်ပျောခိုင်၊ အရွက်၊ ငှက်ပျောအပင်ပေါက်အထိ ရောင်းချရသည့်အတွက် ဖီးကြမ်းငှက်ပျောမှာ စိုက်ပျိုးသင့်သော သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)(မန္တလေးနေ့စဉ်-၈)

## ကျွန်းလှမြို့နယ်တွင် မိုးရာသီစိုက်ပျိုးသော ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



**ကျွန်းလှ ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ရာသီအလိုက် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် မိုးရာသီစိုက်ပျိုးသော ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ဒီနှစ် မိုးရာသီမှာ ပဲစင်းငုံ (၃)ဧကကို မြေပဲနဲ့ သီးညှပ်စိုက်ပျိုးထားပါတယ်။ အရင်နှစ်က ပဲစင်းငုံဈေးကောင်းတော့ တောင်သူတွေသီးသန့်လည်း စိုက်ပျိုးကြပါတယ်။ အခုအခါ နောက်မိုးရွာတဲ့အတွက် ပဲစင်းငုံ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေပါတယ်"ဟု မန်ကျည်းအင်းကျေးရွာ ပဲစင်းငုံသီးနှံစိုက် တောင်သူတစ်ဦးက ပြောသည်။

အဆိုပါ ပဲစင်းငုံစိုက်ပျိုးသည့် တောင်သူများအား ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသရာသီဥတုနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကင်းစင်ရေးတို့ကို ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ စိုက်ပျိုးရန် ၁၆၉၅၃ ဧက လျာထားပြီး လက်ရှိအချိန်ထိ ပဲစင်းငုံ ၁၁၅၃၅ ဧကနှင့် ပဲတီစိမ်း ၅၄၁၅ ဧက၊ စုစုပေါင်း ၁၆၉၅၀ ဧက(၉၉ ဒသမ ၉၈)ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(အပေါ်ဝဲပုံ)(၄၈၀)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စက်မှုကုန်ကြမ်းသီးနှံ ဝါဝယ်ယူရရှိရေး မြေပြင်ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၁

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် စပယ်ကျေးရွာအုပ်စု ပဲ့ကိုင်ရွာ တောင်ကွင်း၌ စိုက်ပျိုးဖြစ်ထွန်းနေသည့် တောင်သူ ဦးတင်ကို၏ ဘီ-၃၁ စပ်မျိုးဝါများ စိုက်ပျိုးထားရှိမှု၊ ဝါများခူးဆွတ်နေမှုနှင့် ထွက်ရှိမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)**

**အဆင့်အလိုက်ဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းမှ ထွက်ရှိသည့် ဝါများကို ဝယ်ယူနိုင်ရေးအတွက် စီမံဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ထို့ပြင် ဝါများကို ကြိတ်ခွဲနိုင်ရေးအတွက် ဝါကြိတ်စက်များကိုလည်း အဆင်သင့်လည်ပတ်ကြိတ်ခွဲနိုင်ရန် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ဝါဂွမ်းများမှတစ်ဆင့် ချည်မျှင်ထုတ်လုပ်ခြင်း၊ ပိတ်များရက်လုပ်ခြင်း၊ အဝတ်အထည်ထုတ်လုပ်ခြင်း လုပ်ငန်းများကို အဆင့်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ဈေးကွက်ခိုင်မာမှုရှိသည့် ဝါများကို စိုက်ကေများ တိုးချဲ့၍ စိုက်ပျိုးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပျော်ဘွယ်မြို့ရှိ အောင်ကမ္ဘာ ဝါအဝယ်ဒိုင်သို့ ရောက်ရှိပြီး ဝါဈေးကွက် အခြေအနေ၊ ဝယ်ယူရရှိမှု၊ ယခုနှစ်တွင်ထွက်ရှိမည့် ဝါအရည်အသွေး အခြေအနေတို့ကို မေးမြန်း၍ ဝါအဝယ်ဒိုင်အတွင်း ဝါများသိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဆက်လက်၍ ရမည်းသင်းခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက စက်မှုလုပ်ငန်းများ၊ MSME များ၏ ပကတိအခြေအနေမှန်များကို သိရှိနိုင်ရေးအတွက် လုပ်ငန်းခွင်အရောက် ကွင်းဆင်းစစ်ဆေးရန်နှင့် လုပ်ငန်းများနှင့်ပတ်သက်၍ အတွင်းကျကျသိရှိအောင် ဆောင်ရွက်ရန်၊ ကွင်းဆင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းရှင်များ၏ အခက်အခဲများကို သိရှိပြီး ဖြေရှင်းဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းများကိုပါ ရရှိနိုင်၍ အလေးအနက်ထား ဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုး**

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ TBL Limited ၏ ဝါမျိုးစေ့များ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနပြုစမ်းသပ်စိုက်ပျိုးထားသည့် ဝါစိုက်ကွင်းသို့ ရောက်ရှိစစ်ဆေးပြီး စက်မှုဝန်ကြီးဌာနရှိ ချည်မျှင်စက်ရုံများတွင် ၁/၄၀ ချည်များ ထုတ်လုပ်ရန်အတွက်သာ ဒီဇိုင်းရေးဆွဲ ထုတ်လုပ်ထားပြီးဖြစ်သော်လည်း ယခုအခါ ၂/၈၀ ချည်များကိုလည်း ဈေးကွက်လိုအပ်ချက်များနှင့်အညီ ထုတ်လုပ်လျက်ရှိကြောင်း၊ ၂/၈၀ ချည်များ ထုတ်လုပ်ရန်အတွက် ဝါဂွမ်းများရှိ အမျှင်အရှည်များသည် သတ်မှတ်ထားသည့် အတိုင်းအတာများ ရှိရမည်ဖြစ်ကြောင်း၊ ယခုသုတေသနပြုလုပ်ပြီး ထုတ်လုပ်ထားသည့် ဝါမျိုးစေ့များဖြင့် စိုက်ပျိုး၍ ထွက်ရှိလာသည့် အမျှင်ရှည်သော ချည်မျှင်ရှည်ဝါများသည် ၁/၄၀ နှင့် ၂/၈၀ ချည်များကို ထုတ်လုပ်နိုင်၍ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်ကြရန်နှင့် အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားကာ TBL-KTK -1 ဝါမျိုးစေ့များဖြင့် စမ်းသပ်စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်အားပေး ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးမှာကြား**

ဆက်လက်၍ ပျဉ်းမနားခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ခရိုင်ဦးစီးဌာနမှူးက ခရိုင်အတွင်းရှိ စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကစက်မှုမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခဲ့မှု၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်နေမှုနှင့် MSME အဖွဲ့ဝင်ကတ်များ ထုတ်ပေးခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အောင်မြေသာစံမြို့နယ်တွင် အိုးပုတ်ပွဲတော် ကျင်းပ



**မန္တလေး ဩဂုတ် ၁၁**

မန္တလေးမြို့၏ တစ်နှစ်မှာမှ တစ်ရက်တည်းကျင်းပသည့် အိုးပုတ်ပွဲကို အောင်မြေသာစံမြို့နယ် အိုးဘိုရပ်ကွက်တွင် အစဉ်အလာမပျက် ဝါခေါင်လဆန်း ၈ ရက်နေ့တိုင်း နှစ်စဉ်ကျင်းပလာရာ အိုးပုတ်ပွဲခေါ် အိုးပုတ်ခိုးပွဲတော်ကို ကျင်းပလျက်ရှိသည်။

အိုးပုတ်ပွဲသည် မြန်မာနိုင်ငံတွင် တစ်ခုတည်းသော တစ်ညနေခင်းသာ ကျင်းပသည့် မြန်မာ့ရိုးရာပွဲတော်တစ်ခု ဖြစ်သည်။ အိုးပုတ်ပွဲကို မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မန္တလေးတောင်ခြေ၊ အောင်မြေသာစံမြို့နယ်၊ အိုးဘို၊ ရွှေကျင်ရပ်ကွက်၊ အကွက်(၅၂) ပတ္တမြားတောရပ်ကွက်တွင် ကျင်းပသည်။ နှစ်စဉ် ဝါခေါင်လဆန်း ၈ ရက်တွင် ကျင်းပပြုလုပ်လေ့ရှိပြီး အိုးပုတ်သည်များမှာ ၂ ရက်လောက်ကြိုတင်ရောက်ရှိကာ ခင်းကျင်းရောင်းချလျက်ရှိသည်။ အိုးပုတ်ပွဲမှာ ဝါခေါင်လဆန်း ၇ ရက် နှင့် ပွဲတော်ရက် ၈ ရက်နေ့ ညနေပိုင်းများတွင် အထူးစည်ကားလျက်ရှိသည်။

ယခုနှစ်တွင် အိုးပုတ်အရုပ်ကလေးများ ထုတ်လုပ်မှုစရိတ်ကြီးမြင့်လာလို့ လက်ကားဈေးတစ်ခြင်းလျှင် ငွေကျပ် ၃၅၀၀၀ အရင်း ရှိသော်လည်း ဈေးတက်မရောင်း ဘဲ ၁၀၀၀ ကျပ် ဖိုး ၅ မျိုး၊ ၂၀၀၀ဖိုး ၁၁ မျိုးရောင်းချပေးကြောင်း၊ ဒီလိုဈေးတင်မရောင်းတော့ အိုးပုတ်အခိုးမခံရကြောင်း၊ အိုးပုတ်အပြင် ကြက်ပေါက်အရှင်လေးများကို ဆေးသုတ်ပြီး တစ်ကောင်လျှင် ၅၀၀ ကျပ် ရောင်းချပေးရာ ပွဲတော်လာဧည့်သည်များ ဝယ်ယူ ကြသည်။

အိုးပုတ်ပွဲတော်လာ အပျိုလေးများ၏ ခေါင်းပေါ်တွင် ကျောက်ခက်ပန်းဟု ခေါ်သော သစ်ခက်စိမ်းလေးများ (ကျောက်ခက်ပန်းဦးထုပ်)ကို ပန်းသရဖူ သဖွယ် ခွေပြီးပန်ဆင်ထားကြသည့် ဓလေ့သည် မည်သည့်အချိန်က စခဲ့သည်ကို မသိရသော်လည်း အိုးပုတ်ပွဲတော်တွင်သာ တွေ့မြင်ရသည့် ချစ်စရာမြင်ကွင်းလေးတစ်ခုဖြစ်သည်။

မင်းတုန်းမင်းလက်ထက်တွင် တောင်ပြုန်းပွဲသို့ သွားရောက်ပူဇော်ပသကြသော လှေများသည် ရွှေတချောင်းမြောင်းအတိုင်း တောင်ပြုန်းအရပ်သို့ သွားရောက်ကြသည်။ တောင်ပြုန်းပွဲတွင် ရောင်းချရန် ရေလမ်းအတိုင်း လာသော အိုးသည်များသည် မန္တလေးတောင်ခြေ အိုးဘိုအရပ်တွင် လှေများကမ်းကပ်ကာ ခေတ္တနားရင်း ဈေးခင်းရောင်းကြသည်။ ဤသို့ဖြင့် တောင်ပြုန်းပွဲမတိုင်ခင်တစ်ရက်တွင် အိုးပုတ်ပွဲတော်ဖြစ်လာသည်ဟု ဆိုကြသည်။ အိုးဘိုဟူသော နာမည်သည်လည်း အိုးများလုပ်ကိုင်ရာ အိုးဖိုများတည်ရှိသောကြောင့် အိုးဖိုကို အစွဲပြု၍ အိုးဘိုရပ်ဟူသော အမည်ဖြစ်လာခြင်းဖြစ်သည်။

အိုးပုတ်ပွဲတော်ကို အိုးပုတ်ခိုးပွဲဟုလည်း ခေါ်တတ်ကြသည်။ အိုးပုတ်ပွဲသို့လာရောက်ရောင်းချသော ဈေးသည်များသည် အိုးပုတ်ပွဲတွင် အိုးပုတ်ခိုးခံရမည့်အကြောင်းကို တွက်ဆပြီးမှ မိမိအမြတ်ကျန်လောက်သည့် ပမာဏဖြင့် ချရောင်းတတ်ကြသည်။ အိုးများ ထွက်ရှိရာ ရွှေဘို-နွယ်ငြိမ်းဘက်မှတစ်ဆင့် ပြန်လည်ဝယ်ယူပြီး ရောင်းချကြသည်ဖြစ်သဖြင့် ရောင်းချသည့် အိုးပုတ်များတွင် ဈေးကို တစ်ခါတည်းတွက်ပြီး တင်ထားပြီးဖြစ်သည်။ အိုးပုတ်ခိုးသူကလည်း စီးပွားပျက်လောက်အောင်ထိ ခိုးခြင်းမဟုတ်သလို အိုးပုတ်ပြန်တောင်းသူကလည်း သူခိုးယိုးပြီး ပြန်တောင်းခြင်းမဟုတ်သည်က

စာမျက်နှာ ၃ သို့ ➤

# ၂၀၂၄ အမ်းမရိတ်စ်ဖလား ချန်ပီယံဆုအား အာဆင်နယ်အသင်း ဆွတ်ခူး

**လန်ဒန် ဩဂုတ် ၁၁**

၂၀၂၄ အမ်းမရိတ်စ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇နာရီ ၃၀မိနစ်က အာဆင်နယ်အသင်းနှင့် လိုင်ယွန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်အသင်းက လိုင်ယွန်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၉မိနစ်တွင် ဆလီဘာ၊ ပွဲချိန် ၂၇မိနစ်တွင် ဂါဘရီယဲလ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

အာဆင်နယ်အသင်းသည် အမ်းမရိတ်စ်ဖလားချန်ပီယံဆုကို (၈)ကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းလည်းဖြစ်သည်။

NGB

